# သတိုသမီး ရွေးချယ်ခြင်း

## လော့စ်အင်ဂျလီးစ်၊ ကယ်လီဖိုးနီးယား၊ အမေရိကန်။

## ၆၅ - ၀၄၂၉ အီး။

1 ၁။ ဖျားနာနေသူ များစွာရှိပါသည်။ တစ်ခါတည်းနှင့်အားလုံးအတွက် ကျွန်တော် ဆုတောင်းပေးနိုင်မှာ မဟုတ်ပါ။ ဤ လုပသော နေရာကလေးမှာ ဒီည ကျွန်တော်ရောက်လာပြီး ပရိသတ်နှင့် တွေ့ခွင့်ရသည့်အတွက် တစ်ကယ်ဘဲ ဝမ်းသာမိ ပါတယ်။ မကြာမီကမှ ကျွန်တော်တို့အပြင်သို့ထွက်လာကြပြီးလမ်းထဲမှာ ရှိနေသူများက သူတို့အထဲဝင်၍ မရပါဟု ပြောကြ ပါသည်။ ကျွန်တော်က “ခင်ဗျားတို့နေရာရဖို့ကျွန်တော် လုပ်ပေးရမယ်။” သူတို့လာရန် ခွင့်မပြုကြပါ။ သူတို့အတွက် နေရာ မလုံမလောက်ဖြစ်လို့ကျွန်တော် ဝမ်းနည်းပါတယ်။ အပြင်ကွင်းထဲမှာလည်း နေရာမရှိတော့ပါဟု ပြောသဖြင့် ကျွန်တော်စိတ် မကောင်းပါ။ သို့သော်လည်း ကျွန်တော် ဒီမှာပျော်ပါတယ်။ ဒီမှာရှိတဲ့ တရားဟောဆရာတွေ၊စီးပွားရေး ပညာရှင်တွေကို တွေ့ရတာ ဝမ်းသာပါတယ်။

2 ၂။ ယနေ့နံနက်စာ စားသုံးရန် အခွင့်အရေးရသဖြင့်ကျွန်တော် တစ်ကယ်ဘဲ ဝမ်းသာပါတယ်။ ဤလူများရှေ့မှာ စကား ပြောခွင့်ရသဖြင့်လည်း ဂုဏ်ယူမိပါသည်။ကျွန်တော်ပြောသောအကြောင်းအရာမှာ “အခွံမှာ အစေ့နှင့်အတူ အမွေခံ မဖြစ်ပါ” ဆိုသည့်အတွက် ဖြစ်ပါသည်။ကျွန်တော် ပြောလို့မပြီးခဲ့ပါ။ အဲဒါကတော့ ညီအစ်ကိုရဲ့အပြစ်မဟုတ်ပါ။ ကျွန်တော် ကြာကြာနေနိုင်အောင်သူတို့က စီစဉ်ပေးပါတယ်။ ဒါပေမဲ့ သူမလုပ်ပေးနိုင်ပါ။ ဘရာသာဒီးမော့စ်ကို ကျွန်တော် တစ်ကယ်ဘဲလေးစားပါတယ်။ သိပ်ကောင်းပါတယ်။ ကျွန်တော် ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်။ တစ်ဦးစီတစ်ယောက်ချင်း ကျေးဇူး တင်ပါတယ်။ သူတို့က အချိန်ခွင့်မပြုလို့ကျွန်တော်တို့ အပြီးသတ်ရပါတော့မယ်။ ကျွန်တော် အဲဒါကို နောက်တော့မှဘဲ ပြန်ပြီးအဆုံးသတ်ပါမယ်။ “အခွံက အစေ့နှင့်အတူအမွေခံ မဖြစ်ပါ။” ဒါကို သင်နားလည်ပါသလား? နားလည်နိုင်မယ်လို့ကျွန်တော် မျှော်လင့်ပါတယ်။

3 ၃။ ယခု ကျွန်တော် သိပါသည်။ ယနေ့ည ဟိုဘက်နားမှာနံရံရှိပါသည်။ ထို့ကြောင့် ကျွန်ုပ် သင့်ကို ဒီမှာထားဘို့ရန်အ တွက် လုံလောက်သောအချိန်မရှိပါ။ ထို့ကြောင့် ထိုအရာနှင့် သင်လွဲသွားပါမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ထင်သည့်အရာမှာပင်တီကော်စတယ်လ် ယုံကြည်သူအဖွဲ့နှင့် သေချာပေါက် အကဲဖြတ်လူကြီးများ ကျွန်ုပ်တို့သည်အခြား သောညတွင် တွေ့ပါသည်။ ထို့ကြောင့် အချို့လူစုကို ရှာပါ။ သင်သည် အံ့သြဖွယ်သော ကောင်းသောအဖြေများကိုတွေ့လိမ့် မည်။ ဖြောင့်တန်းခြင်းသည် ကျွန်ုပ်တို့ကို ကောင်းသော ခံစားချက်များကို တွေ့ရှိစေပါမည်။ယနေ့ညမှာ ဘုရားရှင် ကောင်းချီးပေးမည်လို့ယုံကြည်စိတ်ချပါ။ ဘယ်နေရာကကြည့်ကြည့် သူတို့ယုံကြည်ကြပါမည်။ ထိုအကြောင်းအရာများသည် ရိုးသားသော ဆုတောင်းချက်များ ဖြစ်သည်။

4 ၄။ ယနေ့သတင်းများစွာ ရရှိပါသည်။ စာတိုက်မှတစ်ဆင့်တယ်လီဖုန်းမှတစ်ဆင့် အနာရောဂါ ငြိမ်းစေခြင်း အကြောင်း များစွာ သိရှိရပါတယ်။ ကျွန်တော်အရမ်းဝမ်း သာပါတယ်။ အသားဝါရောဂါ ဖြစ်သူများကို တွေ့ရပြီး ကုသခြင်းမှာ ကျွန် တော်၏ သာသနာပြုခြင်းဖြစ်ပါတယ်။ ကျွန်တော် ဒီမှာ မတ်တပ်ရပ်လျှက် တရားဟောပါတယ်။ ကျွန်တော်ဟာ တရားဟော ဆရာမဟုတ်မှန်း ကျွန်တော်ကိုယ် ကျွန်တော် သိပါတယ်။ ဒီကင်တူကီ အင်္ဂလိပ်သဒ္ဒါနဲ့ဘယ်လိုစကား ပြောရမှာလဲ? ယနေ့ခေတ်မှီတရားဟော ဆရာဆိုတာလည်း ကျွန်တော် မဟုတ်ပါ။ ဒီနေရာမှာလည်း ကျွန်တော် နေရာမယူနိုင်ပါ။ဘာ ကြောင့်လဲဆိုတော့ ပညာမတတ်လို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော် သိသည့်အရာကို လည်း အခြားသူများကိုဖေါ်ပြလိုပါတယ်။ ခံစားရသည်ကိုလည်း ဖေါ်ပြလိုပါတယ်။ ဘယ်လို သင်ကြားခံယူခဲ့ရပုံ ကျွန်တော်အတွက်ဘယ်လိုရှိသလဲဆိုတာ ဖြစ်ပါတယ်။ ကိုယ်တော်ဟာ ကျွန်တော့်ဘဝပါ။ ဘယ်လိုနားလည်ရမှာလဲ? ကျွန်တော်ကလေးငယ်ဘဝက ကိုယ်တော်ဟာ အကောင်းဆုံး မိတ်ဆွေဖြစ်ပါတယ်။ ယနေ့ည မိတ်ဆွေ များအတွက် ကျွန်တော်တစ်ကယ်ဘဲ ကျေးဇူးတင်ပါတယ်။ (စကားပြောခြင်းမှာ လူအများကို ပြောသည့်ပုံစံဖြစ်သည်။ - အယ်ဒီတာ) ဝမ်းနည်းပါတယ်။ ကျွန်တော် ပြောတာကို ကျွန်တော် သတိမထားမိပါဘူး။

5 ၅။ ယခု ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ကို ပြန်လည်၍ဦးတည်သွားမည် ဆိုပါက သမ္မာကျမ်းစာ ဖတ်ရှုခြင်းကို စတင်ပါမည်။ ကျွန်တော် အမြဲတမ်း ကျမ်းစာဖတ်ပါသည်။ အကြောင်းမှာ ဘုရားသခင်၏စကား နှုတ်ကပတ်တော် ဖြစ် သည်ဟုကျွန်တော် ယုံကြည်ပါသည်။ ဘုရားသခင်၏ အမှားအယွင်းမရှိသော နှုတ်ကပတ်တရားတော်အဖြစ် ယုံကြည်ပါ သည်။ နှုတ်ကပတ်တော်ကျမ်းချက်အနည်းငယ် ကျွန်တော့်မှာ ရှိပါသည်။ အချိန်အနည်းငယ်အတွင်း ကျမ်းချက်အနည်းငယ်ရေးချထားခြင်း ရှိပါသည်။ (၄၅)မိနစ်ခန့် အချိန်ယူရပါမည်။ သို့မှသာ အပြင်ထွက်ပြီး ယနေ့ညအမေးအဖြေကဏ္ဍကို ကျွန်တော်တို့ကြည့်နိုင်ပါမည်။ ဘုရားသခင်ကလည်း ဆက်လက်၍ ကောင်းချီးပေးမည်ဟုကျွန်တော် ယုံကြည်ပါသည်။ ခင်ဗျား ဘာလုပ်ရမည်ကို ကျွန်တော် သိပါသည်။ ကျွန်တော်ကလည်းယနေ့ည တူလ်စန်ကို သွားရန် ရှိပါသည်။ ခင်ဗျားတို့စဉ်းစားကြည့် နိုင်ပါသည်။ ဆယ်နာရီကြာကားမောင်းသွားရပါမည်။ ကျွန်တော် ပြည်ပခရီး ထွက်ရပါ မည်။ ထို့ကြောင့် မနက်ဖက်မှာ ဆေးစစ်ရပါမည်။ အချိန်မှီ သွားရပါမည်။ နောက်တစ် နေ့ ကျွန်တော် အချိန်ရွှေ့လိုက်ရပါမည်။ ကျွန်ုပ်သည် မေးခိုင်ရောဂါတကြိမ် ဖြစ်ခဲ့ဘူးပါသည်။ထိုရောဂါနဲ့အတူ အူရောင်ငန်းဖျားလည်း ဖြစ်ခဲ့ပါသည်။ နောက်ပြီး ထပ်မံ၍ မေးခိုင်ကာ ကွယ်ဆေးလည်းထိုးရပါအုံးမည်။

6 ၆။ ဒီအခွင့်အရေးအတွက် ကျွန်တော် အများကြီး ကျေးဇူးတင်ပါသည်။ဤတွေ့ဆုံ ခြင်းအတွက် အရမ်းဝမ်းသာပါတယ်။ ခင်ဗျားတို့က ခင်မင်စရာ လူတွေပါ။ ဘုရားသခင်ကောင်းချီးပေးမယ်လို့ယုံကြည်ပါတယ်။ ကြီးမားသောအချိန် ရောက်ပါက ..... လွန်ခဲ့သော နှစ်အနည်းငယ်ခန့်ကအလာစကာပြည်နယ်မှာ ထိုကြီးမားသော ငှက်ကြီးကို တွေ့ရပါသည်။ အမြီးကို ထောင်၍ ယနေ့မနက်ဝါရှင်တန် တစ်ဝိုက်ပျံဝဲမည် ဖြစ်ပါသည်။ ဤသို့ ဦးတည်သည်မှာ လွယ်ကူပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော့်ကို အတိအကျ ပြောပါက .....

အချို့သောသူများက ဖြေဆိုမေးမြန်းကြပါသည်။“ဒီနေရာမှာ ဖြစ်ပျက်ပါမည်လော ဘရာသာဘရမ်ဟမ်?” မဟုတ်ပါ။ ထိုအရာကို

ကျွန်တော် မသိပါ။ ကျွန်တော်မသိပါ။ ကျွန်တော် သိလည်းသိပါသည်။ အမှန်တရားပင် ဖြစ်ပါသည်။ သင်နှင့် ပတ်သက်၍ ကျွန်တော်ရိုးသားဖြောင့်မတ်လိုပါသည်။ ကျွန်တော် မမှန်းဆနိုင်ပါ။ အတွေးများကိုယူခြင်း သို့မဟုတ်အချို့ကို ... ကျွန်တော် ယုံကြည်သောအရာမှာ ထိုသို့ဖြစ်ပါမည်။ ဖြစ်မည်ဟု ကျွန်တော်သင့်အားပြောသောအခါ .... ကိုယ်တော်က ကျွန်တော့်အား ပထမဆုံး ပြောရပါမည်။ ပြီးလျှင် သင့်အားကျွန်တော် ပြောပါမည်။ တစ်လောကလုံးမှာ တုန် ခါနေသော အခြေအနေရှိကြောင်း ကျွန်တော် သိပါသည်။ ကျွန်တော်တို့နောက်ဆုံးအချိန် ရောက်ပါပြီ။ သို့သော်လည်း ကျွန် တော် ကြိုးစား၍....

7 ၇။ ဘရာသာ ရှကာရီယန်က ယနေ့မနက် ပြောဆိုပုံအရ ဆုတောင်းရန်တန်းစီပုံ ကဒ်ပြားများ ရယူပြီး သူတို့ကိုကြည့်၍ သူတို့ ဘာရေးထားသည်ကို ကျွန်တော် ပြောပြပါသည်။ဆုတောင်းကဒ်ပြားများပေါ်မှာ သူတို့အားလုံး အမျိုးစုံ ရေးသားထား ပါသည်။ မှန်ကန်မှု ရှိမရှိသူကကြည့်ပါမည်။ သူက ရာပေါင်းများစွာထဲမှ စစ်ဆေး ၍တွေ့ရှိသည်ဟု သူကပြောပါသည်။ သူတို့တစ်ခုမှမှားသွားခြင်း မရှိပါ။ ဘယ်တော့ မှလည်း အမှားတစ်ခုမျှ ရှိမည်မဟုတ်ပါ။ အကြောင်းမှာဘုရားဖြစ်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။ ကျွန်တော် အထဲသို့ ကျွန်တော် လုပ်ကြည့်ပါက စတင်၍အမှားအမှန် ပြုလုပ်ရပါမည်။

သိပ်မကြာသေးမီကမိန်းကလေးငယ်တစ်ဦး ကျွန်တော့်ထံ ရောက်လာပါသည်။ သူမ ဖခင်မှာ ကျွန်တော့် တရား ဟောချက်ကိုနားထောင်ဖူးပါသည်။ သူမ အိမ်မက်မက်ပါသည်။ သူမပြောပါသည်။ “ဘရာသာဘရမ်ဟမ် ဒီအိမ်မက်က ဘာအဓိပ္ပါယ်လဲ?”

ကျွန်တော်က “မသိပါဘူး ညီမ” လို့ ပြန်ဖြေလိုက်ပါတယ်။ကိုယ်တော်ရှင်က ဘာပြောမလဲဆိုတာ ကျွန်တော် မေးရမှာ ဖြစ်ပါတယ်။ ကျွန်တော် ဘုရားသခင်ကိုမေးပါမယ်။ကိုယ်တော်က ဘာမှ ပြန်မပြောပါဘူး။ မိန်းကလေးငယ်က တစ်ဖန်ပြန်လာပါတယ်။ သူမအပြောကတော့“ကျမ အိမ်မက်အနက်ကို ဖေါ်ပြပေးပါ” လို့ဘဲ ဖြစ်ပါတယ်။

ကျွန်တော်က “ဒီမှာလာထိုင်ပါကလေး” လို့ပြောလိုက်တယ်။“မင်းမိဘတွေက ငါ့ရဲ့မိတ်ဆွေကောင်းတွေဘဲ ဖြစ်ပါ တယ်” ကနေဒါကနေပြီး လာကြတာဖြစ်တယ်။ အငြိမ်းစားယူပြီးကျွန်တော်နဲ့ ပူပေါင်းပါတယ်။ ကျွန်တော်ပြောလိုတဲ့ အ ကြောင်းကို သူတို့ ယုံကြည်ကြပါတယ်။ဘယ်သူ့ကိုမှ ကျွန်တော်က ဘာမှမပြောခဲ့ဘူးပါ။ အိမ်မက်ရဲ့အဓိပ္ပါယ်ကို ကျွန်တော် သိပါကအိမ်မက်ကို ကျွန်တော့်ဖာသာ အနက်ပြန်ပါမည်။ ကိုယ်တော်က ဘာအဓိပ္ပါယ်ဖြစ်ကြောင်း ကျွန်တော့်ကိုပြောပြပါ သည်။ သင့်ကို ပြောမပြနိုင်ပါဘူး။ ကျွန်တော်တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ပါကသေရေးရှင်ရေးတမျှ အရေး ကြီးသောအချိန် သင်နှင့်ကျွန်ုပ်အကြား ရောက်လာပါမည်။ ကျွန်တော့်ကိုယုံသင့်၊ မသင့် သင်သိလာမည် မဟုတ်ပါ။

8 ၈။ ကိုယ်တော်ရှင်၏ နာမတော်မြတ်၌ ကျွန်တော်ပြောပြပါမည်။ဘယ်သူက ကျွန်တော့်ကို ပြောပါသလဲ။ နှစ်ပေါင်းများ စွာ ဤကမ္ဘာကြီးပေါ်မှာ ကျွန်တော်တစ်ခါမှမမှားခဲ့ပါ။ လူသားတစ်ဦးမှာ အမှားအယွင်းမရှိဘဲ မနေပါ။ ဘုရားသခင်၏ ဝိညာဉ် တော်က အမှုပြုပါသည်။ယခုကျွန်တော် တာဝန်ယူရသော သတင်းစကားရှိပါသည်။ ကြိမ်ဖန်များစွာ လူအများကြားမှာ အံ့ဖွယ်လူတစ်ဦးဟုထင်မြင်ယူဆခံရပါသည်။ (တစ်စုံတစ်ယောက်သောသူက ထိုင်ပြီး ခဏမစဉ်းစားနိုင်ပါ။) ထိုသို့ယူဆ သည်ကို ကျွန်တော် မကြိုက်ပါ။ သူတို့ကို ဖြတ်တောက်ပစ်သကဲ့သို့ဖြစ်ပါသည်။ ထိုသို့မဟုတ်ပါ။ မဟုတ်ပါ။ ကျွန်တော် လူများကို ချစ်ပါသည်။ ချစ်ခြင်းမေတ္တာမှာ အမှားကို ပြင်နိုင်စွမ်းရှိပါသည်။

9 ၉။ သင်၏ကလေးငယ်က လမ်းမပေါ်ထွက်ပြီး ထိုင်နေပါကသင်က “ကလေးရယ် မင်းအပြင်ထွက်တာ ငါမကြိုက်ဘူး။ ...” လို့ပြောပါတယ်။ ကားတွေက သူ့အနားမှာဖြတ်သွားပါတယ်။ သူ့ကို အထဲခေါ်လာပါတယ်။ သူက တစ်ခါ ပြန်ထွက်ပြေး သွားပြန်တယ်။ သူ့အမှားကိုပြင်ပေးသင့်ပါတယ်။ သူ့ကိုချစ်ပါက သင်ပြင်ပေးမည် ဖြစ်ပါတယ်။ ပြင်ပေးရပါမည်။ လူတစ်ဦး မြစ်ထဲကနေ ရေတံခွန်ထဲ ကျတော့မယ်ဆိုတာသင်တွေ့ပါက အဲဒီလှေနစ်တော့မယ်ဆိုတာကို သိပါက သင်က “ဂျွန် မင်းစဉ်းစားသင့်တယ်။ အဲဒီလိုမလုပ်သင့်ဘူး။” သူကမဆင်ခြင်ဘူးဆိုရင် သူ့ကို လှေထဲကဆွဲထုတ်ပြီး ပြင်ပကို သွားစေရပါမည်။မေတ္တာကြောင့် ထိုသို့လုပ်ရခြင်း ဖြစ်ပါသည်။

10 ၁၀။ ကျွန်တော်ပြောသော ဤသတင်းစကားများထဲတွင် ကျွန်တော်မည်သည့် ဩဝါဒကိုမှ ဆွဲသွင်းခြင်း မပြုလုပ်ပါ။ ကျွန် တော်၏ အသင်းတော်မှာဘဲ ကျွန်တော်ပြုလုပ်ခြင်း ဖြစ်ပါတယ်။ အမျိုးသား၊ အမျိုးသမီးတို့သည် သီးခြားဖန်ဆင်းထားသော အရာ ဖြစ်ပါသည်။ ဂိုဏ်းဂဏအမျိုးမျိုးနှင့် အတွေးအခေါ် အမျိုးမျိုးကြားမှာ သိမ်မွေ့သောနည်းဖြင့် ကျွန်တော်ရှင်းပြလို ပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် မွေးဖွားပါက လုံလောက်ပါသည်။ ခရစ်ယာန်များအကြားကျွန်တော် ဆိုလို သည်ကို သင်နားလည်ပါမည်။ မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စ်ဘီတေးရီးယန်းအပြင်ဘာရှိသေးပါသလဲ။

11 ၁၁။ ယနေ့ည ကျွန်တော်ဖတ်လိုသော ကျမ်းချက်မှာ ကမ္ဘာဦးကျမ်းအခန်းကြီး ၂၄ ဖြစ်ပါတယ်။ အခန်းငယ် ၁၂ မှ စတင်၍ ဖတ်လိုပါသည်။

“အကျွန်ုပ်၏သခင် အာဗြဟံ၏ဘုရားသခင် ထာဝရဘုရားယနေ့အကျွန်ုပ်အကြံကို ထမြောက်စေ၍ အကျွန်ုပ် ၏သခင် အာဗြဟံ၌ ကျေးဇူးပြုတော်မူပါဟု အကျွန်ုပ်ဆုတောင်းပါ၏။ အကျွန်ုပ်သည် ဤရေတွင်းနားမှာ ရပ်နေ၍ ထိုမြို့သူ သတို့သမီးတို့သည် ရေခပ်ခြင်းငှာလာကြသည်တွင် အကြင်သတို့သမီးကို ကျွန်ုပ်သောက်ခြင်းငှာ သင်၏ ရေဖူးကို ချပါ ဟုဆိုသော်သောက်ပါ။ သင်၏ကုလားအုပ်ကိုလည်း ရေတိုက်ပါ မည်ဟု ပြောဆိုသော သတို့သမီးသည် ကိုယ်တော်၏....”

12 ၁၂။ တစ်ဖန် ဗျာဒိတ်ကျမ်း စာစောင်ကို ကြည့်ပါက.... သမ္မာကျမ်းစာမှာ ပထမဆုံးစာစောင်မှာ ကမ္ဘာဦးကျမ်း ဖြစ်ပါ သည်။ နောက်ဆုံးစာစောင်မှာဗျာဒိတ်ကျမ်း အခန်းကြီး ၂၂၊ အခန်းငယ် ၉ ကို ဖတ်လိုပါတယ်။ ကမ္ဘာဦးကျမ်းမှာ ဘာဖြစ်သည်ကိုကျွန်တော်တို့သိပါတယ်။ ဆန္ဒရှိပါက အခန်းကြီးတစ်ခုလုံးကိုဖတ်ပါ။ ဘုရားသခင်က ဧလျာဇာကိုစေ လွှတ်ခြင်း သို့မဟုတ် အာဗြဟံက ဧလျာဇာကို စေလွှတ်ခြင်း၊ (တောင်းပန်ပါတယ်) ဖြစ်ပြီးဣဇာက်အတွက် သတို့သမီးကို ရွေး ချယ်ခြင်း ဖြစ်ပါတယ်။ လှပသော

ရေဗက္ကာထွက်လာပြီး ဆုတောင်းခြင်း၏အကောင်းဆုံးအဖြေဖြစ်ပါသည်။ ဧလျာဇာ အာဗြဟံ၏ကျွန်က ဆုတောင်းပေးပါတယ်။ ဗျာဒိတ်ကျမ်း အခန်းကြီး ၂၁၊အခန်းငယ် ၉ ကိုကြည့်ပါ။ “နောက်ဆုံးသော ဘေး ဒဏ် (၇) ပါးနှင့်ပြည့်သော ဖလား(၇)လုံးကိုဆောင်သော ကောင်းကင်တမန် (၇)ပါးတွင် တစ်ပါးသည် လာပြီးလျှင် ငါ့ကို နုတ်ဆက်၍ လာခဲ့ပါ။သိုးသူငယ်၏ခင်ပွန်း တည်းဟူသော မင်္ဂလာဆောင် သတို့သမီးကို ငါပြမည်ဟု ပြောဆိုလျှက်”

13 ၁၃။ဤည ကျွန်တော်ပြောလိုသော အကြောင်းအရာမှာ “သတို့သမီး ရွေးချယ်ခြင်း” ဖြစ်ပါသည်။ အဲဒီဥစ္စာ… အသံ ဖမ်းသော ညီအစ်ကိုက …. ဒီတိတ်ခွေကတော့ ဆက်ဖတ်ပြီးတော့ လုပ်ရမှာ ဖြစ်ပါတယ်။… အဲဒီအထဲမှာ ပရိသတ်ကို ယခု ကျွန်တော်ပြောဆိုနေတဲ့ အရာအတိအကျလို့ကျွန်တော်မဆိုလိုပါဘူး။ဒါပေမဲ့ဒီတိတ်ခွေတွေက တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွား မှာ ဖြစ်ပါတယ်။ လက်တွေ့ကျကျ ဘာသာပြန်ပြီးသားဖြစ်တယ်။ယခုအချိန်မှာ တရားနာပရိသတ်ကို ကျွန်တော် အတိအ ကျပြောလိုပါတယ်။ ဘာသာပေါင်းစုံနဲ့ ကမ္ဘာအနှံ့အပြားပို့ဘို့ဖြစ်ပါတယ်။ တိတ်ခွေတိုင်းကို အသင်းတော်တိုင်း၌ ပို့မည်ဖြစ် ပါသည်။
ထို့ပြင်ကျွန်တော်တို့ကမ္ဘာအနှံ့အပြားလည်းပို့မည် ဖြစ်ပါသည်။ ကျွန်တော်တို့အသင်းတော်များလည်း ပို့မည် ဖြစ်ပါသည်။ ဤတိတ်ခွေကို အိန္ဒိယနှင့်တကွ အာဖရိကတောင်ပိုင်းတွေမှာ ကျွန်တော်တို့အခမဲ့ပို့မည်ဖြစ်ပါတယ်။

ယခု သတို့သမီး ရွေးချယ်နေပြီ၊

14 ၁၄။ မိမိအသက်တာမှာ ရွေးချယ်စရာ မြောက်များစွာ ရှိပါသည်။မိမိအသက်တာ လမ်းကြောင်းမှာလည်း ရွေးချယ်ရပါတယ်။ မှန်ကန်သော အသက်ရှင်နိုင်ဘို့အတွက်မှန်ကန်သောလမ်းကို ရှာ၍ရွေးချယ်ရပါတယ်။ ပညာရေးကိုလည်း ကျွန်တော်တို့ရွေးချယ်နိုင်ပါတယ်။ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ မိမိကိုယ်ကို ရွေးချယ်သင်ယူလို့ရပါ တယ်။ ကျွန်တော်တို့ကိုယ်တိုင်ရွေးချယ်နိုင်ပါတယ်။ အမှားနှင့်အမှန် ကျွန်တော်တို့ရွေးချယ်ရမည့်အရာ ဖြစ်ပါတယ်။လူတိုင်းလူတိုင်း၊ အမျိုးသမီးတိုင်း၊ လူငယ်တိုင်း၊ အမျိုးသမီးနှင့်အမျိုးသား အားလုံးတို့သည်မှန်ကန်စွာ ရွေးချယ်ဘို့ကြိုးစား ရန်သော်၎င်း၊ ဖြစ်နိုင်ပါတယ်။ ၎င်းသည် ရွေးချယ်ခြင်း၏ကြီးမြတ်သောအရာဖြစ်ပါသည်။ ထာဝရကာလအတွက်လည်း ရွေး ချယ်ခြင်း ဖြစ်ပါတယ်။ ယနေ့ညပင်လျှင်ထာဝရကာလအတွက် အချိန်ကိုအသုံးချရန် ယနေ့ညပင် ရွေးချယ်ရမည်ဖြစ်ပါ သည်။ သင့်အတွက် အချိန်အကယ်၍ဘုရားထံမှအချိန်များစွာ ဦးလှည့်သော်လည်း နောက်ဆုံးတစ်ချိန်သာ နောင်တနဲ့ပြန် လာမည် ဖြစ်ပါသည်။ထိုအရာသည် ကျေးဇူးတော်နှင့်တရားစီရင်ခြင်း ဖြစ်ပါတယ်။ အမျိုးသား၊ အမျိုးသမီးတို့သည်အန္တာ ရာယ်နှင့်သော်၎င်း၊ လူငယ်များတို့သည် ထိုလမ်းကို ဖြတ်သွားရမှာ ဖြစ်ပါတယ်။ သေမင်းလမ်းကိုဖြတ်သွားသူသည် ပြန်လာရန်လမ်း မရှိတော့ပါ။ ထို့ကြောင့် ယနေ့ည ဆုံးဖြတ်ရမည့်အချိန် ဖြစ်ပါတယ်။ကျွန်တော်တို့ယခုအချိန်ကာလသည် နောက်ဆုံး သော အချိန်ကာလရောက်နေပြီဆိုတာ သတိရကြပါစို့။

15 ၁၅။ ဘဝမှာ တစ်ခြားရွေးချယ်မှု တစ်ခုရှိပါတယ်။ အဲဒါကတော့ဘဝခရီးဖော် ဘဲဖြစ်ပါတယ်။ လူငယ် မိန်းမလေးဖြစ်စေ၊ ဘဝကို စတင်တဲ့အခါမှာ ရွေးချယ်ပိုင်ခွင့်ရရှိပြီးသား ဖြစ်ပါတယ်။ လူငယ်က ရွေးချယ်ပါတယ်။ လူငယ် အမျိုးသမီးကလည်း ရွေးချယ်ပိုင်ခွင့်၊ ငြင်းပယ်ပိုင်ခွင့် ရှိပါတယ်။ ဒါပေမဲ့လည်း နှစ်ဦးနှစ်ဖက်စလုံးက ရွေးချယ်ရမှာ ဖြစ်ပါတယ်။အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံး ရွေးချယ်ပိုင်ခွင့် ရှိပါတယ်။

ခရစ်ယာန်တစ်ဦးအနေနဲ့ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ အမေရိကန်မှာ ဘုရားကျောင်း ရွေးချယ်ပိုင်ခွင့် ရှိပါတယ်။ အမေရိကန်တို့ရဲ့အခွင့်အရေးအနေနဲ့မိမိတက်လိုတဲ့ ဘုရားကျောင်းကို ရွေးချယ်နိုင်ပါတယ်။ မိမိမသွားလိုတဲ့ ဘုရားကျောင်းကိုမသွားဘဲ နေလို့ရပါတယ်။ မက်သဒစ်ကနေ နှစ်ခြင်းကိုပြောင်းတာ၊ ကက်သလစ်ကနေပရို တက်စတင့်ကိုပြောင်းတာ ဒါမှ မဟုတ် ဘယ်ဘုရားကျောင်းကို တက်ပါလို့ဘယ်သူကမှ မပြောလိုပါဘူး။ အဲဒါကတော့ကျွန်တော်တို့ရဲ့လွတ်လပ်ခွင့်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လွတ်လပ်ခွင့်ကတော့ ဘာသာရေးလွတ်လပ်ခွင့်ရှိပါတယ်။ အဲဒါကတော့ တစ်ကယ်ကြီးမားတဲ့ အရာဖြစ်ပါတယ်။ ကျွန်တော်တို့ကို ဘုရားသခင်က စောင်မကူညီခြင်းဘဲ ဖြစ်ပါတယ်။

16 ၁၆။ဒီအသင်းတော်ကို ရွေးချယ်ပါက ဒါမှမဟုတ် အခြားအသင်းတော်ကို ရွေးချယ်ပါက သင့်ရဲ့ထာဝရသွားရမဲ့နေရာကိုလမ်းပြသွားမှာ ဖြစ်ပါတယ်။ ယုံကြည်ချက်ရှိတဲ့ အသင်းတော်ကို ရွေးချယ်နိုင်ပါတယ်။ သင်လိုလားတဲ့ယုံကြည်ချက်လို့သင်ထင်မြင် ယူဆပါတယ်။ သို့မဟုတ်ပါက အခြားအသင်းတော်မှာလည်း သူတို့ရဲ့ယုံကြည်ချက် ရှိပါတယ်။ သူရွေးချယ် သော ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ဖြစ်ပါတယ်။ … သင့်ဖာသာသင်ရွေးချယ်ရမှာ ဖြစ်ပါတယ်။ သင်ရွေးချယ်မှု နှင့်ပတ်သက်၍ ကျွန်တော်တို့အကြားမှာ ရေးသားထားခြင်းမရှိသော ပညတ်ဖြစ်ပါတယ်။

တစ်ချိန်က ဧလိယသည် ကရေမေလတောင်ပေါ်မှာဘုရားသခင်ရဲ့တန်ခိုးတော်ကို ပဋိပက္ခအချိန်မှာ ပြသခဲ့ပါ တယ်။ ယခုအခါမှာလည်း ကျွန်တော်တို့ရင်ဆိုင်ရမဲ့အချိန် ရောက်ပါပြီ … ယနေ့ညလည်း သင်(သို့) ကျွန်ုပ် ကရေမေလ အတွေ့အကြုံကဲ့သို့ငါရွေးချယ်ရမှာ ဖြစ်ပါတယ်။ … ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုရင် တစ်ကမ္ဘာလုံးကိုပျံ့နှံ့သွားမှာ ဖြစ်ပါတယ်။ …

17 ၁၇။ ရွေးချယ်ရန်အတွက် အချိန်ရောက်လာမှာ ဖြစ်ပါတယ်။ဒီနေရာမှာ ဂိုဏ်းဂဏ ပေါင်းစုံကလူတွေ ရောက်နေပါတယ်။ ဒီအချိန်မှာ သင်က ရွေးချယ်ရမှာ ဖြစ်ပါတယ်။ကမ္ဘာ့အသင်းတော်ကောင်စီ နောက်ကို လိုက်မလား။ (သို့) သင်က ဂိုဏ်းဂဏ မဟုတ်တော့ပါ။ အဲဒီလိုရွေးချယ်ရမဲ့အချိန် ရောက်လာမှာ ဖြစ်ပါတယ်။ စောင့်ဆိုင်းနေဖို့အ တွက် အန္တာရာယ်ရှိပါတယ်။နောက်ဆုံးအချိန်ရောက်တဲ့အထိ စောင့်ဆိုင်းနေမယ်ဆိုရင် ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး။သတိပေးရမဲ့အချိန်လည်း ရှိပါ တယ်။ သတိပေးရတဲ့လမ်းကြောင်းကို သင်ဖြတ်ကျော်သွားပါက အခြားတစ်ဖက်မှာအမှတ်အသားလုပ် ပြီးသား ဖြစ်နေပါပြီ။ …

18 ၁၈။ယုဘိလနှစ် ရောက်တဲ့အခါ ယဇ်ပရောဟိတ် တံပိုးမှုတ်လိုက်တဲ့အခါမှာ ကျွန်တိုင်းလွတ်လပ်ခွင့်ရပါတယ်။အဲဒီ လွတ် လပ်ခွင့်ကို

သူတို့က ငြင်းပယ်ရင် ဗိမာန်တော်ထဲကို ခေါ်သွားပြီးတိုင်နားမှာနားဖောက်ပေးပါတယ်။ နားဖောက် ပေးတဲ့အ တွက်သူဟာ အမြဲတမ်း ကျွန်ခံရပါတယ်။ နားမှာလည်း နားကွင်းချိတ်ပေးပါတယ်။ယုံကြည်ခြင်းဟာ ကြားနာခြင်းအားဖြင့် ဖြစ်တယ်။ တံပိုးမှုတ်သံကြားရတဲ့အခါမှာ သူကနားမထောင်ပါဘူး။

ဘုရားသခင်၏သမ္မာတရားကို ကြိမ်ဖန်များစွာကြားရသော်လည်းနားမထောင်လိုကြပါ။တစ်ခြားအကြောင်းပြချက် ရှိပါတယ်။ သမ္မာတရားနှင့် အချက်အလက်များကို ရင်ဆိုင်ရန်ထက် အခြားအရာများကိုသာသူတို့ရွေးချယ်လိုပါသည်။ ဧဝံ ဂေလိတရားအတွက် သူတို့နားများပိတ်နေပါသည်။ ဘယ်တော့မှကြားရတော့မှာမဟုတ်ပါ။ကျွန်တော် အကြံပေးလိုတာတော့ ဘုရားသခင် သင့်နှလုံးသားကို စကားပြောလာပါက ချက်ချင်းတုန့်ပြန်ပါ။ဧလိယက သူတို့ကို ရွေးချယ်စေပါသည်။ မည်သူကို အစေခံရမည်ကို ယနေ့ရွေးချယ်ပါ။ ဘုရားဖြစ်ပါက ဘုရားကို အစေခံပါ။ ဗာလဖြစ်ပါက ဗာလကိုအစေခံပါ။

19 ၁၉။ ယခု ကျွန်ုပ်တို့တွေ့မြင်သည့်အတိုင်း သဘာဝတရားသည်ဝိညာဉ်အတွက်သာဖြစ်သည်။ ယနေ့နံနက် ကျွန်ုပ်တို့၏ သင်ခန်းစာအရဆိုရင် နေမင်းကြီးသည် သဘာဝတရားသာလျှင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ပထမပိုင်းကျမ်းစာတွင် ဖြစ်ပါ သည်။ ဤကျမ်းစာပိုဒ်ကို မဖတ်ကြားမီဘုရားသခင်ကို သိရှိခြင်းဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် သမ္မာကျမ်းစာအုပ်အတွင်း ၌ အရာရာတို့သည် သဘာဝတရားကဲ့သို့ဖြစ်သည်။ ဘုရားသခင် နှုတ်ကပတ်တော်နှင့်အတူအဆက်အသွယ်ပြုခြင်းသာ လျှင် ဖြစ်သည်။ သေခြင်းတရား၊ မြုပ်နှံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့သည်သဘာဝတရားပင် ဖြစ်သည်။ နေမင်းပေါ် ထွက်ပြီးနောက် ဖြတ်သန်းခြင်း၊ နေရာချမှတ်ခြင်း၊ သေခြင်း၊ပြန်လည်ထမြောက်ခြင်း ထိုအရာအားလုံးတို့သည် ဘုရားသခင် ၏ သဘာဝအထဲ၌ သင်္ကေတဆောင်ခြင်းပါဝင်သောသတင်းစကား ဖြစ်သည်။

20 ၂၀။ယခု ဝိညာဉ်ရေးရာ သို့မဟုတ် ဝိညာဉ်ရေးရာ သဘာဝတရား၏ သင်္ကေတဖြစ်ပြီး သဘာဝတရား၌ သတို့သမီးရွေးချယ် သောသင်္ကေတ ဖြစ်သည်။ ယခု အမျိုးသမီးတစ်ယောက်ကို ဇနီးသည်အဖြစ် ရွေးချယ်မည်ဆိုပါကအလေးထားရမည် ဖြစ်ပါ သည်။ ကျွန်ုပ်တို့ သေသည့်တိုင်အောင် ကတိသစ္စာပြုခြင်းအတွက် လုပ်ဆောင်ရပါသည်။ကျွန်ုပ်တို့အဘယ်ကဲ့သို့ထို အရာကို စောင့်ထိန်းရမည်နည်း။ ထို့ကြောင့် ကျွန်ုပ်တို့ကတိသစ္စာပြုခြင်းသည် သေခြင်းတရားသာလျှင် ခွဲခွာနိုင်ပါသည်။ ထိုနည်းအားဖြင့်သာ ဖြစ်သင့်ပါသည်။ လူတစ်ယောက်သည် အနာဂတ်ကာလအတွက် မှန်ကန်သော စိတ်ထားရှိရမည် ဖြစ် ပါသည်။ ထို့ကြောင့် အမျိုးသမီးရွေးချယ်မှုအား သတိပြုရမည် ဖြစ်ပါသည်။ လုပ်ဆောင်သောအလုပ်မှန်သမျှအားလည်း သတိထားရမည် ဖြစ်ပါသည်။ အမျိုးသမီးတစ်ဦးသည် ခင်ပွန်းသည်ကို ရွေးချယ်ရာ၌ငှင်း၊သို့မဟုတ် ခင်ပွန်းသည် ရွေး ချယ်ခြင်းကိုငှင်း၊ ထိုနေ့ရက်ကာလများအတွက်ကို အမျိုးသမီးအားသတိပြုသင့်ပါသည်။ အာမင်။ ထို့ကြောင့် အမျိုးသမီး တစ်ယောက် မရွေးချယ်မီဆုတောင်း သင့်ပါသည်။

21 ၂၁။ ယခုအချိန်တွင် အိမ်ထောင်ပြိုကွဲခြင်း အမှုများစွာရှိနေမယ်လို့ကျွန်ုပ်ထင်ပါသည်။ ကမ္ဘာကို ဦးဆောင်နေသော အမေရိကန်မှ ကျွန်ုပ်တို့သည်အိမ်ထောင်ပြိုကွဲသော အမှုများ အခြားသောကမ္ဘာကိုလည်း ဦးဆောင်နေခြင်း ဖြစ်သည်။ နေရာတိုင်းအနှံ့အပြား ဤလူမျိုးထက် ဤနေရာတွင် အိမ်ထောင်ပြိုကွဲခြင်း များစွာတွေ့ရပါသည်။ ထိုပြင်ခရစ်ယာန် အမျိုး သားများ၌လည်း ဤအရာကို တွေ့ရပါသည်။ အိမ်ထောင်ပြိုကွဲခြင်းအ မှု စိတ်ပျက်စရာများသည်အဓိကအားဖြင့် အကြောင်း တရားမှာ ဘုရားသခင်၌ ဝေးကွာနေသောကြောင့် ဖြစ်သည်။ အမျိုးသမီးများလည်းဘုရားသခင်ထံမှ ဝေးကွာနေ သောကြောင့် ဖြစ်သည်။ ယ နေ့ အမျိုးသား အမျိုးသမီးများသည် ထိုအရာများအတွက်ဆုတောင်းလျှက် ရှိကြပါသည်။ အ လှအပဆင်ယင်မှုအတွက် မျက်လုံးတွင်သာမက သန်မာသော ပုခုံးထမ်းရွက်သူများသို့မဟုတ် အခြားကမ္ဘာ နှစ်သိမ့်မှုများ ဦးစွာဘုရား သခင် ပြောသောအရာများသည် သင်၏အကြံအစည်လော။

22 ၂၂။ယခုအချိန်သည် မုသာများပြားသောနေ့ရက် ဖြစ်ပါသည်။ စာသင်ကျောင်းကဲ့သို့ဖြစ်သည်။ နံနက်ခင်းတွင်ကလေး သူငယ်များ လာရောက်သည့်အချိန်တွင် ပတ်ဝန်းကျင်၌ရှိသော ကလေးများစွာတို့၏ သူငယ်ချင်းများကလာရောက်ပြော ဆိုကြမည် ဖြစ်ပါသည်။ ညီအကို ဘရမ်ဟမ် ကျွန်ုပ်တို့အတွက် ဆုတောင်းပေးမည်လား။ယနေ့အစစ်မ်းစာမေးပွဲ ရှိပါတယ်။ တစ်ညလုံးအလုပ်လုပ်ပြီး ကျွန်တော် ဤနေရာတွင် ရပ်တည်နေနိုင်မည်မဟုတ်ပါ။ ဆုတောင်းပေးပါ။ အခြားသောကလေး များလည်းဤနေရာတွင် ရှိမည်ထင်ပါသည်။ ယနေ့နံနက် သင်၏မိဘများ ဤစားပွဲ၌ ရှိပါက သင်ပြောနိုင်ပါလိမ့်မည်။"အ မေ- ယောဟန်က ဒီနေ့စာမေးပွဲဖြေရတယ်။ သူ့အတွက် ဆုတောင်းပေးကြရအောင်" အရာအားလုံးတို့သည်အခြားသော နည်းလမ်းဖြင့် လုပ်ဆောင်နိုင်ပါလိမ့်မည်။ တစ်ဦးတစ်ယောက်၏စာရွက်ကို ကြည့်ရှု၍မုသာပြောဆိုခြင်းသာ ဖြစ်သည်။ အကယ်၍ ထိုကိစ္စကို အပြင်ထွက်လာ၍ ဆုတောင်းနိုင်ပါသည်။

23 ၂၃။ ကျွန်ုပ်တို့၏ လက်ထပ်ထိမ်းမြားခြင်းအကြောင်းကိုအကယ်၍ လေ့လာမည်ဆိုပါက ဇနီး၊ ခင်ပွန်း ရွေးချယ်သည့် အချိန် ဖြစ်သည်။ ထိုအရာအား လေ့လာပြီးသည့်နောက်တွင် သူ၏အသက်တာတစ်ခုလုံး ပျက်စီးစေမည့်အရာဖြစ်၍ ကြီးစွာဆုတောင်းရန် လိုပါသည်။ ထို့ကြောင့် သေသည့်တိုင်အောင် မှတ်သားရမည့်အရာ ဖြစ်သည်။ မှားယွင်းသော ဖျက်စီး စေမည့်ရွေးချယ်ခြင်းလည်း ဖြစ်ပါသည်။ သို့ပေမဲ့မှားယွင်းသော ရွေးချယ်မှုအား သိခဲ့မည်ဆိုပါကသူ၏ဇနီးသည်အဖြစ် မထိုက်တန်သူ ဖြစ်ပါသည်။ သူ၏အမှားလည်း ဖြစ်ပါသည်။ အမျိုးသမီးက သူ၏ခင်ပွန်းသည်အားသိပါလျှက်နှင့်အကယ်၍ လက်ထပ်ပါက သင့်အတွက် မထိုက်တန်သော ခင်ပွန်းသည်သာ ဖြစ်မည်။ အမှားအမှန်ကို သိပါလျှက်နှင့်ရွေးချယ်လုပ် ဆောင်ခြင်းသည် သင်၏အမှား သာ ဖြစ်ပါသည်။ ထို့ကြောင့် သင်သည် လုံးဝဆုတောင်းရပါမည်။

24 ၂၄။ အသင်းတော်ကို ရွေးချယ်တည်ဆောက်သကဲ့သို့ယခုအသင်းတော်၌ သင်ဆုတောင်းရမည်ဖြစ်ပြီး မိဿဟာ ရဖွဲ့ခြင်း၌ သတိရစေမည် ဖြစ်ပါသည်။ အသင်းတော်များမှာဝိညာဉ်များ ရှိကြပါသည်။ ယခု ဤအရာကို ဘုရားသခင် အ လိုတော် မရှိပါ။ ကျွန်တော်သည် အသက်ကြီးသောသူတစ်ယောက်ဖြစ်၍ယနေ့ပင် ဤနေရာမှ ထွက်ခွာရမည် ဖြစ်ပါသည်။ ယနေ့ညကျွန်တော် ပြောဆိုသည့်အရာကို တရားစီရင်မည့်နေ့ရက် ကျွန်တော့်မှာ ဖြေကြားရန် အဖြေရှိပါသည်။အခြားသော အချိန်လည်း ရှိပါသည်။ ထို့ကြောင့် ကျွန်တော့်တွင် သေခြင်းနှင့်အမှန်တရား ဆုံးဖြတ်ချက်ရှိပါသည်။ အသင်းတော်ထဲသို့ဝင်ပြီး အကယ်၍ အသင်းတော်၏အသက်တာကို

စောင့်မြော်မည်ဆိုပါကအသင်းအုပ်ဆရာကို ခေတ္တခဏ စောင့်ကြည့်ပါ။ အသင်းအုပ်ဆရာသည် အသင်းတော်အတိုင်း လှုပ်ရှားတတ်ပါသည်။ တစ်ခါတစ်ရံ သန့်ရှင်းသောဝိညာဉ်တော်၌ တစ်လုံးတစ် ဝတည်း မရှိသည့်အခါမျိုးလည်း ရှိတတ်ပါသည်။သင်းအုပ်ဆရာရဲ့အမှန်တစ်ကယ် အခြေခံကို သင်သည်ရရှိပြီး အသင်းသူ၊ အသင်းသားများ၌လည်း တွေ့ရလိမ့်မည်။ သူတို့ရဲ့အပြန်အလှန် လှုပ်ရှားမှုသည် အသင်းအုပ်ဆရာရပ်တည်မှု၌ ကျွန်တော် မြင်သည့်အတိုင်း ကျွန်တော်လိုက်ပြပါမည်။ ထိုနည်းတူ အသင်းသူ၊ အသင်းသားများကို ကြည့်ပါက ထိုနည်းတူ ဖြစ်ပါသည်။ ဒါဖြင့် ကျွန်တော်အသင်းတော်ကိုရွေးချယ်ခဲ့ရင် စစ်မှန်သော အသင်းတော်တစ်ပါး၊ အခြေခံကျသောအရာ၊ ပြည့်စုံသော နှုတ်ကပတ်အသင်းတော်ထဲသို့ကျွန်တော့်မိသားစုတစ်ခုလုံးကို ရွေးချယ်ထားရှိမှာ ဖြစ်ပါသည်။

25 ၂၅။ ရွေးချယ်ခြင်း ... ကလေးသူငယ်များကို လေ့လာကြည့်ပါကညီအစ်ကို ရှကားရီးယန်၏ သားနှင့်သူ၏ သားမက် တို့သည် ကျွန်တော့် ကိုခေါ်ပြီး လူငယ်လေးတစ်ယောက်အတွက်ဆုတောင်းခိုင်းပါသည်။ ထိုလူငယ်လေးသည် အဆို ကျော်လည်းဖြစ်၊ ပထမတန်းစားလည်း ဖြစ်တယ်။သူသည် ခရီးစဉ်မှ လတ်တလောရောက်လာတဲ့သူ ဖြစ်တယ်။ ဖရက် သေသွားပြီဆိုပြီး ကျွန်တော့်ကိုအကြောင်းကြားပါသည်။ အိမ်ထဲသို့မရောက်ခင်လေးမှာ အခြားသောသတင်း ရောက်လာပါ သည်။ အခု သူသေသွားပြီ။သူသည် ဦးနှောက်ထဲ သွေးဝင်ပြီး လေဖြတ်ကာ ဆုံးသွားခြင်း ဖြစ်ပါတယ်။ သူ၏ဇနီးသည်က ကျွန်တော့်ကိုဆုတောင်းပေး စေချင်ပါသည်။

ကျွန်တော် စဉ်းစားမိပါသည်။ “လေယာဉ်ပျံနှင့်သွားလျှင်သူသေသွားလိမ့် မည်။ ယခုတောင် သေသွားနိုင်တယ်။” ချက်ချင်းဖုန်းဆက်လိုက်ပြီး တစ်ဖက်မှအမျိုးသမီးငယ်တစ်ဦး ဖုန်းလာကိုင်ပါသည်။ ဖရက်ရဲ့နားနံဘေးသို့ဖုန်းကို ကပ် ထားလိုက်ပါသည်။ သူက အစာကို မြိုမချနိုင်ပါ။ ပိုက်တပ်၍ အစာထည့်ပေးရပါသည်။ သူ့အတွက် ဆုတောင်းလာသောအခါသူစိတ်ထိခိုက်စွာဖြင့် အစာပိုက် ဖြုတ်ပစ်ရန် လက်ဖြင့်ပြပါသည်။ အစာကို မြိုချနိုင်ပါပြီ။.. ဆရာဝန်များက မယုံနိုင်အောင် ဖြစ်ပါသည်။ အစာပိုက် ထုတ်လိုက်သည်။ သူမြိုချနိုင်ပါပြီ။နောက်တစ်နေ့သူထိုင်နိုင်ပါသည်။

26 ၂၆။ အသင်းတော်က အသင်းတော်ကို ရွေးချယ်သည်။ ယနေ့မနက်ဖုန်းခေါ်သံ ကြားရပါသည်။ ကျွန်တော့် အသင်းသား တစ်ဦးဖြစ်သူ လူးဝစ်စ်ဘေးလ်Louisville မှ နှစ်ခြင်းအမျိုးသမီး ယနေ့နံနက်စောစော သေဆုံးသွားပါသည်။ ကျွန်တော့် အသင်းသားများ၊ တစ်ကယ်ဆက်ကပ်သူများ စုဝေးပြီး သူမကို အသုဘမပြင်ဆင်မီ ဘေးနားတွင်ရပ်ပြီး အသက်ပြန်ရှင်လာသည့်အထိ ဆုတောင်းပေးကြပါသည်။ ယ နေ့ သူမအသက်ရှင်လျှက် ရှိပါသည်။ ကျွန်တော်ရဲ့အသင်းသားများဟာ ဘာ ကြောင့် ယုံကြည်ခြင်း ပြင်းထန်ရသလဲဆိုရင် ဘုရားသခင်ဘာမှမတတ်နိုင်တာမရှိဟု သွန်သင်ထားခြင်းခံရသော ကြောင့် ဖြစ်သည်။ ဘုရားထံသို့ ရိုးသားစွာချဉ်းကပ်ပါ။

27 ၂၇။ ထို့ကြောင့် သင်မှန်ကန်စွာ ရွေးချယ်ရပါမည်။ အမျိုးသားရွေးချယ်သောအမျိုးသမီးမှာ သူ၏အလိုဆန္ဒနှင့် သူ၏ အကျင့်စရိုက်ကို ပေါ်လွင်စေမှာ ဖြစ်တယ်။ အမျိုးသမီးကိုအရွေးမှားပါက သူ၏အကျင့်စရိုက်ကို ပေါ်လွင်စေပါသည်။ သူ့အထဲမှာ ဘာရှိသည်ကို ဖေါ်ပြခြင်းပင်ဖြစ်ပါသည်။ အမျိုးသမီးကလည်း အမျိုးသားကို ရွေးချယ်သည့်အခါ ထိုအမျိုး သားကို ပေါ်လွင်စေမှာဖြစ်ပါတယ်။ သူ့အထဲမှာ ဘာရှိသည်ကိုဖေါ်ပြနေပါသည်။ သူက ဘာဘဲပြောပြော သူလက် ထပ်သူကိုသာကြည့်ပါ။

လူတစ်ယောက်ရဲ့ရုံးခန်းထဲကို သွားပါသည်။သူက သူ့ကိုယ်သူ ခရစ်ယာန်လို့ပြောပါသည်။ သူ့အခန်းနံရံမှာလည်း ရုပ်ပုံမျိုးစုံ ကပ်ထားသည်။မကောင်းသောသီချင်းများ ဖွင့်ထားသည်။ သူဘာပြောသလဲဆိုတာ ကျွန်တော်ဂရုမစိုက်ပါ။ သူ့ သက်သေခံချက်ကိုလည်း ကျွန်တော်မယုံပါ။ သူ့ရဲ့ဝိညာဉ်မှာ လောကအရာများနှင့်ပြည့်နေပါသည်။ သီချင်းဆိုသောမိန်းက လေး (သို့) လိင်ဘုရင်မ၊ လှပသော မော်ဒန်မကိုသူလက်ထပ်ပါက သူဘာဖြစ်မည်နည်း။ သူ့စိတ်ထဲမှာဘာရှိနေသလဲဆိုတာ ဖေါ်ပြနေခြင်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့အနာဂတ် အိမ်ထောင်ကလည်း ဘာဆိုတာကိုသင်ခန့်မှန်းနိုင်ပါတယ်။ .. သူမဖြစ် တဲ့အတိုင်း သူမရဲ့သားသမီးများကို သူမက ပြုစုပျိုးထောင်မှာဖြစ်ပါတယ်။ လူသားတစ်ဦးဟာ ဘာဖြစ်နေသလဲဆိုတာကို ဖေါ်ပြနေခြင်းပင် ဖြစ်ပါတယ်။ ထိုကဲ့သို့သောအမျိုးသမီးမျိုးကို သူလက်ထပ်ပါက အနာဂတ်အတွက် သူဘာစဉ်းစား နေသလဲဆိုတာ ဖေါ်ပြနေခြင်းဖြစ်ပါတယ်။ခရစ်ယာန်တစ်ဦး ထိုသို့ လုပ်နိုင်ပါမည်လား။ မလုပ်နိုင်ပါ။ စစ်မှန်သော ခရစ်ယာန် တစ်ဦးသည်အလှဘုရင်မများ၊ အဆိုရှင်မိန်းကလေးများ၊ လိင်ဘုရင်မများကို မရွေးချယ်ပါ။ ခရစ်ယာန်အကျင့်စာရိတ္တကို သာ သူကရွေးချယ်ပါမည်။

28 ၂၈။အားလုံးကို သင်မပိုင်ဆိုင်နိုင်ပါ။ တစ်ကယ်လှပသော မိန်းကလေးတစ်ဦး ရှိကောင်းရှိမည် ဖြစ်သည်။အခြားမိန်း ကလေးတစ်ဦး ဤမိန်းကလေးထက် ပိုလှပေမည်။ တစ်ဦးအတွက် တစ်ဦးအနစ်နာခံရပေမည်။ သို့သော်လည်း သူမမိန်းမ မပီသ လျှင် ... သူမလှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ၊ ကျွန်တော် ဂရုမစိုက်ပါ။ သူမ၏အကျင့်စာရိတ္တကိုဘဲ ကြည့်ရပါမည်။

ခရစ်ယာန်တစ်ဦးက ဇနီးသည်ရွေးချယ်လျှင် တစ်ကယ်စစ်မှန်သောဒုတိယမွေးခြင်းခံရပြီးသား အမျိုးသမီးကို ရွေး ချယ်ရပါမည်။ သူမ မည်သူနဲ့ဘဲတူတူ သူမသည်ပင်ကိုယ်ပုံစံ ရှိပေမည်။ သူ၏ ဘုရားတရား ကြည်ညိုသောပုံစံနှင့် သူ့စိတ် ထဲမှာရှိသောအရာအနာဂတ်တွင် သူ့မိသားအတွက် ဘာဖြစ်မည်။ စသည်တို့ကို ထိုအမျိုးသမီးက အကောင်အထည် ဖေါ် မည်ဖြစ်ပါသည်။သူက ခေတ်ပေါ်မော်ဒယ်လ်ပုံစံ လိင်ဘုရင်မများကို ရွေးချယ်ပါက သူဘာကို ရရှိမည်နည်း။ ဘယ်လိုအိမ်ထောင်မျိုးကို ထိုယောကျ်ားက ရရှိပါမည်နည်း။

သူလက်ထပ်သော မိန်းကလေးမှာ အိမ်ထောင်မှုနိုင်နင်း၍ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းမရှိဘဲ အပြင်ထွက်၍ အလုပ်လုပ်လိုလျှင် သူမသည်မည်ကဲ့သို့သော အိမ်ထောင်ရှင်မမျိုး ဖြစ်လာပါမည်နည်း။ ကလေးထိန်းများ ငှားရမည့်အဆင့်တစ်ခြားအရာများအားလုံး လုပ်ရမည့်အဆင့် ရောက်သွားပါသည်။ တစ်ကယ်ဘဲ မှန်ပါသည်။

29 ၂၉။ အမျိုးသမီးများ ပြင်ပသို့အလုပ်ထွက်လုပ်သည့်ခေတ်မီပုံစံကို ကျွန်တော် မနှစ်သက်ပါ။ ထိုကဲ့သို့အလုပ်ထွက် လုပ်ပြီး ယူနီးဖောင်းဝတ်၍ရဲမေအဖြစ် မော်တော် ဆိုင်ကယ်စီးပြီး မြို့ထဲပတ်သည့်အလုပ်ကို ကျွန်တော် မနှစ်သက်ပါ။ထိုသို့အမျိုးသမီးများကို

လုပ်ခွင့်ပြုသော မြို့မှာလည်း ကျက်သရေမရှိပါ။ ခေတ်မီမြို့တော်များ၏အတွေးအခေါ်များဖြစ်ပြီး ဝိညာဉ် ရေးရာ ကျဆင်းနေခြင်းကို ဖော်ပြနေပါသည်။ အမျိုး သမီးများကိုထိုသို့ခွင့်မပြုရပါ။ ထိုသို့အလုပ်ထွက် မလုပ်သင့်ပါ။

ဘုရားသခင်က ယောကျ်ားတစ်ဦးကို ဇနီးသည်ပေးသောအခါကယ်တင်ခြင်း အပြင် အခြားအကောင်းဆုံးအရာကို ပေးခြင်းဖြစ်သည်။ ယောကျ်ားအလုပ်ကို နေရာယူပြီးလုပ်ရန်ကြိုးစားပါက သူမသည် သူ့အတွက် ထိန်းသိမ်းရန် ဆိုးဝါး သောအရာ ဖြစ်သွားပေမည်။

မှန်ပါသည်။ ဝိညာဉ်ရေးရာအရ သင်ခဏ်းစာယူနိုင်ပါသည်။အဲဒါ မကောင်းဘူးဆိုတာ ကျွန်တော် သိပါတယ်။ မ ကောင်းသော်လည်း အမှန်ပင် ဖြစ်ပါတယ်။ မကောင်းဘူးဆိုတာကျွန်တော်တို့ဂရုမစိုက်ပါဘူး။ အမှန်ကို ကျွန်တော်တို့ရင် ဆိုင်ရမှာဘဲ ဖြစ်ပါတယ်။အဲဒါကတော့ သမ္မာကျမ်းစာရဲ့သွန်သင်ချက်ဘဲ ဖြစ်ပါတယ်။

30 ၃၀။ကျွန်တော်တို့ရှင်းရှင်းလင်းလင်း တွေ့မြင်ရသောအရာမှာ ဘုရားသခင်ရဲ့အကြံအစည်ဖြစ်ပြီးကိုယ်တော်ရှင်ရဲ့အနာဂတ်အိမ်တော်မှာ သူ့ရဲ့အနာဂတ် သတို့သမီးကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။လိင်ဘုရင်မကို အမျိုးသားတစ်ဦးက လက်ထပ် မိပါက သူ့ဘဝအနာဂတ်ကို သူကြိုတင်မြင်နိုင်ပါတယ်။အိမ်ထောင်မှုကိစ္စကို နိုင်နင်းမှုမရှိသော မိန်းမကို လက်ထပ်မိပါက အနာဂတ်မှာ သူဘာကိုရင်ဆိုင်ရမလဲဆိုတာသိသာပါတယ်။

တစ်ခါက ... ထူးဆန်းသလိုတော့ ဖြစ်ပါတယ်။... ကျွန်တော်ပြောမယ်ဆိုရင် ဘုရားသခင်ရဲ့အလိုတော်လို့ဘဲ ပြောချင်ပါတယ်။ ကျွန်တော်ရဲ့အလုပ်ရှင်နွားခြံပိုင်ရှင်နဲ့နွားဝယ်ဘို့ကျွန်တော်သွားလေ့ရှိပါတယ်။ သူက နွားဝယ်တော့ မယ်ဆိုရင်နွားမျက်နှာကို သေသေချာချာကြည့်ပါတယ်။ နွားမဦးခေါင်းကို သေသေချာချာ ကိုင်ပြီးကြည့်ပြီးနွား၏ခေါင်းကို သူကလှည့်လိုက်ပြီး ရှေ့နောက် ကြည့်လိုက်သည်။ သူ့နောက်ကို ကျွန်တော်လိုက်သွား ပြီးကြည့်သောအခါ သူက သူမကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ ရုပ်အဆင်းသဏ္ဍာန်အရကြည့်ရတာ အဆင်ပြေရင် မျက်နှာကို သေ သေချာချာကြည့်မည် ဖြစ်သည်။ တစ်ခါတစ်ရံ သူ့ခေါင်းကိုခါပြီးလျှောက်ထွက်သွားမည်။ ကျွန်တော်က “ကျွန်တော်ခင်ဗျားကို တစ်ခုမေးချင် တယ်။” သူက “ပြောပါတယ်။ဘီလ” ကျွန်တော်က “နွားမျက်နှာကို ဘာကြောင့် ကြည့်ရသလဲ။ ကျွန်တော်က နွားရဲ့ပုံကို ကြည့်ရတာဘာမှ မဖြစ်ပါဘူး။ တော်တော်ကောင်းတဲ့နွား ဖြစ်ပါတယ်။ သူက ”ခင်ဗျားကို ကျွန်တော်ပြောလိုပါတယ်။ သင်ကြားခံယူဘို့အများကြီး လိုပါသေး တယ်။ သူပြောပြီးနောက် ကျွန်တော် သဘောပေါက် သွားပါသည်။“သူက ”နွားမက ဘာဖြစ်ဖြစ် ကျွန်တော် ဂရုမစိုက်ပါ။ အသားတွေ ဘယ်လောက်များများ နွားမမျက်နှာသည်ရိုင်းစိုင်းသည့်မျက်နှာ ဖြစ်နေလျှင် မဝယ်ပါနှင့်“ ကျွန်တော်က ”ဘာကြောင့်လဲ။“ အကြောင်းမှာသူပြောပြချက်အရ နွားမက ငြိမ်ငြိမ်မနေပါ။ ထိုနွားမအမျိုးသည် သားပေါက်ပါက သူ၏သားငယ်လေးကိုဂရုစိုက်မည် မဟုတ်ပါ။ ထိုနွားမကို ခြံထဲမှာ ထည့်ထားတယ်။ အကြောင်းမှာ နွားမ သည် ဝသောကြောင့်ဖြစ်သည်။ ထိုရိုင်းသော အကြည့်မျိုးကို ပြောင်းပစ်၍ မရပါ။ သူမကိုယ်သူမ သတ်သေသွားနိုင်ပါသည်။

ကျွန်တော်က တစ်စုံတစ်ခုကို သင်ခန်းစာရပါသည်။အမျိုးသမီးတွေနဲ့ပတ်သက်လို့ပြောပြလို့ရပါတယ်။ ထိုကဲ့သို့ရိုင်းစိုင်းသောအကြည့်ရှိသည်ကိုဝေးဝေးရှောင်ရပါမည်။ ထိုကဲ့သို့အကြည့်မျိုးကို ကျွန်တော်မကြိုက်ပါ။ ခရစ်ယာန် အကြည့်လည်း မဟုတ်ပါ။ တီဗွီတွေ၊ သတင်းစာတွေကဘယ်လောက်ဘဲ လှပသည်ဟု ပြောကြပါစေ ကျွန်တော်တစ်သက် မှာ မြင်တွေ့သမျှ အရာတွေအားလုံးထဲမှာကြောက်မက်စရာ အ ကောင်းဆုံးဖြစ်ပါသည်။

31 ၃၁။ တစ်နေ့သောမနက်မှာ ကလင်ဖ်တန်ကော်ဖီဆိုင်မှာ မနက်စာစားနေစဉ်မိန်းမငယ်လေးများ တက်လာသည်ကို တွေ့ရပါသည်။ ဘရာသာ Arganbright အဝင်လာပြီး ကျွန်တော်လည်းပါသည်။သူအောက်ဆင်းသွားသည်။ ကျွန်တော် ကြည့်လိုက်သောအခါ မိန်းကလေးတစ်ဦး ဝင်လာသည်။ ကျွန်တော်စဉ်းစားမိသည်မှာ “ကျွန်တော် မသိပါ” တစ်ခါမှအဲဒါမျိုး မတွေ့ဖူးဘူး။ သူ၏ပုံစံက ရယ်စရာကောင်းနေပါသည်။ ဟာသပုံစံလို့ဆိုလိုခြင်းဖြစ်သည်။ကျွန်တော် အနူကို တွေ့ဖူးပါ သည်။ ကျွန်တော်သည် သာသနာပြုတစ်ဦး ဖြစ်ပါသည်။ ရောဂါဖြစ်ပြီးပိန်နေသောသူအမျိုးမျိုးကို ကျွန်တော် တွေ့ဖူးပါ သည်။ သူမကိုသွားပြီး “ကျွန်တော်ကတော့တရားဟောဆရာပါ။ လူနာတွေအတွက် ကျွန်တော်ဆုတောင်းပေးပါတယ်။ ခင်ဗျာအတွက် ဆုတောင်းပေးဘို့ဆန္ဒရှိပါသလား။ ကျွန်တော် တစ်ခါမှ ဒီလိုပုံစံမျိုး မတွေ့ဖူးပါဘူး။ နောက်ထပ် နှစ်ယောက် သုံးယောက်ဝင်လာပါတယ်။ ကျွန်တော်နောက်ဆုတ်ပြီးတော့စောင့်နေပါတယ်။ကျွန်တော်က ပြောပါတယ်။ ဘရာသာ Arganbright (သူဒီမှာ ရှိနိုင်ပါတယ်။) မိန်းကလေးကဘာဖြစ်တာလဲ။ သူ့ရဲ့အဖြေ ကတော့ ”အဲဒါက အလှဆင်ခြင်းဘဲဖြစ်တယ်“ ကျွန်တော်က ပြောတယ်။ သူမက အလှပြင်တဲ့ဆိုင်မှာ သွားတယ်။ တစ်ခြားအမျိုးသမီးတွေ ထက်သာအောင်သူက လုပ်ဖို့ကြိုးစားနေခြင်း ဖြစ်တယ်။

32 ၃၂။ ခင်ဗျား စီမံကိန်းဆွဲရမယ်။ ဆုတောင်းပြီးတော့ရွေးချယ်ရပါမယ်။ ဒါကို ကြည့်ခြင်းအားဖြင့် နှုတ်ကပတ်တော်ရဲ့ဂတိ တော်ကို တွေ့မြင်ရပါမယ်။အမျိုးသားတစ်ဦး ရွေးချယ်မဲ့ သတို့သမီးမှာ သူမ၏ အကျင့်စရိုက်ကို ရောင်ပြန်ဟပ် ဖော်ပြခြင်းဖြစ်ပါသည်။

သူ့အထဲမှာ ဘာရှိသလဲဆိုတာ ဖော်ပြခြင်း ဖြစ်တယ်။သန့်ရှင်းသောဝိညာဉ် တော်နှင့် ပြည့်ဝသူတစ်ဦးဟာ အဲလိုမိန်း မမျိုး ယူနိုင်မယ်လို့ စဉ်းစားမိပါသလား။ကျွန်တော် မစဉ်းစားမိပါဘူး။ ညီအစ်ကို ကျွန်တော်ဟာလူအိုတစ်ဦးသာ ဖြစ်ပါ တယ်။ ကျွန်တော် နားမလည်နိုင်ပါဘူး။ သူ့အထဲမှာ ဘာရှိသလဲဆိုတာ ဖော်ပြခြင်းဖြစ်ပါတယ်။ သူမရဲ့အနာဂတ် အိမ် ထောင်ကို သူမက ဖန်တီးပေးမှာ ဖြစ်ပါတယ်။ ဝိညာဉ်ရေးရာဘက်ကိုပြန်ပြီး ကြည့်မယ်ဆိုရင် ကမ္ဘာလောကကြီးဟာ ကမ္ဘာ လောကကြီးလိုဘဲ ပြုမူလုပ်ရှားပါတယ်။ကမ္ဘာကြီးပေါ်မှာ ပါဝင်ပတ်သက်ပါတယ်။ ဘုရားသခင်ရဲ့ပညတ်တော်တွေကို မိမိနဲ့မပတ်သက်သကဲ့သို့သဘောထားပါတယ်။ ခရစ်တော်ဟာ အဲသလိုသတို့သမီးမျိုးကို သတို့သမီးအနေနဲ့လက်ခံမှာ မဟုတ်တဲ့အကြောင်း သင်စဉ်းစားမိမှာ ဖြစ်ပါတယ်။ ခေတ်မှီအသင်းတော်ကိုသတို့သမီးအနေနဲ့လက်ခံဘို့စဉ်းစားမိ ပါသလား။ လက်မခံပါ ကိုယ်တော်၊ လက်ခံဘို့ရန် ခက်ခဲပါသည်။

33 ၃၃။ ခင်ပွန်းနှင့် ဇနီးသည်မှာ တစ်သားတည်း တစ်ကိုယ်တည်းဖြစ်ပါသည်။ ထိုသို့သော ပုဂ္ဂိုလ်မျိုးနှင့် သင်ပေါင်းစပ် လိုပါသလား။

ထိုကဲ့သို့ပေါင်းစပ်လိုပါကကျွန်တော် သင့်အပေါ်ယုံကြည်မှု လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ပုံမှန်ဂိုဏ်းဂဏ ဆိုင်ရာပြည်တန်ဆာနှင့် ဘုရားသခင်က ပေါင်းစပ်ပါက မည်သို့ဖြစ်မည်နည်း။ ကိုယ် တော်ရှင် အဲလိုပေါင်းစပ်မယ်လို့လည်းထင်ပါသလား။ "ဘုရားတရား မြဲချင်ယောင်ဆောင်ပြီး ဘုရားသခင်ရဲ့တန်ခိုးတော်ကို ငြင်းပယ်ခြင်း ဖြစ်ပါသည်။" ကိုယ် တော်ရှင် ဘယ်တော့မှထိုသို့မပြုလုပ်ပါ။ သူမအထဲမှာ ကိုယ်တော်ရှင်ရဲ့ပုံသဏ္ဍာန်တော် ရှိရပါမည်။ တစ်ကယ်မှန်၍ဒုတိ ယအကြိမ် ဖွားမြင်ခြင်း ခံရသော အသင်းတော်မှာ ခရစ်တော်၏ပုံသဏ္ဍာန်တော် ရှိရပါမည်။အကြောင်းမှာ ခင်ပွန်းနှင့် ဇနီး သည် တစ်လုံးတစ်ဝတည်း ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်အလိုတော်နှင့်ညီသော အရာကိုသာ သခင်ယေရှုက ပြုလုပ်ပြီး နှုတ်ကပတ်တော်၌တည်၍ နှုတ်ကပတ်တော်ကိုဖေါ်ပြလျှင် သူ၏သတို့သမီးမှာလည်း ထိုကဲ့သို့အကျင့်စရိုက်မျိုး ရှိရပါမည်။

သူမသည် ဂိုဏ်းဂဏ မဟုတ်ပါ။ ဘယ်လောက်ဘဲ မဟုတ်ပါဟုဆိုပါစေသူမကို တစ်နေရာရာက ထိန်းချုပ်ထားပြီး ဖြစ်ပါသည်။ မည်သည့်အရာကို ဘာလုပ်ပါ၊ ဘာမလုပ်ပါနှင့်ဟုထိန်းချုပ်ထားပါသည်။ တစ်ကယ်စစ်မှန်သော နှုတ်ကပတ် တော်နှင့် မိုင်သန်းပေါင်းများစွာဝေးကွာလျှက်ရှိပါသည်။

34 ၃၄။ တစ်ကယ် စစ်မှန်သော ခေါင်းဆောင်နှင့် ဝေးကွာရသည်မှာဆိုးဝါးလှပါသည်။ ဘုရားသခင်က ကျွန်တော်တို့အ တွက် ဦးဆောင်ရန် ခေါင်းဆောင်ပေးထားပါသည်။နိုင်ငံတော် လူကြီးများကို ပေးထားခြင်း မဟုတ်ပါ။ ဘီးရှော့များ၊ ကာဒီနယ်များ၊ ယဇ်ပုရောဟိတ်များ၊ ပုပ်ရဟန်းမင်းများကို ပေးထားပါသည်။ အသင်းတော်ကို ဦး ဆောင်ရန် သန့်ရှင်းသော ဝိညာဉ်တော်ကိုစေလွှတ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဆရာတည်းဟူသော ဥပဇ္ဈာယ်ဆရာရောက်လာပါက သင့်အား သမ္မာတရားလမ်းထဲသို့ပို့ဆောင်မည်။ ငါပြောသောအရာများအား သင်တို့ကို ဖေါ်ပြမည်။ သင့်အားပြန်လည်၍ သတိရ စေမည်။နောင်လာမည့် အရာများကိုလည်း ဖေါ်ပြမည်။ "သန့်ရှင်းသောဝိညာဉ်တော်က ထိုသို့ပြုလုပ်ရ မည်ဖြစ်ပါသည်။ ခေတ်ပေါ်အသင်းတော်က ထိုအရာကိုမုန်းသည်။ သူတို့မနှစ်သက်ပါ။ သို့ဖြစ်လျှင်သူမသည် ခရစ်တော်၏သတို့သမီး မည်သို့ဖြစ်နိုင်ပါမည်နည်း။ ယနေ့ခေတ်လူငယ်များမှာ ခေတ်ပေါ်ဂိုဏ်းဂဏများကိုရွေးချယ်၍ နှုတ်ကပတ်တော်ကို နားလည်မှု အား နည်းကြောင်းကို ဖေါ်ပြပါသည်။ ပုတ်ခတ်ပြောလိုခြင်းမဟုတ်ပါ။ နက်နက်နဲနဲ စဉ်းစားပြီး သူတို့ဆင်ခြင်နိုင်ရန်အတွက် ဖြစ်ပါသည်။

35 ၃၅။ ကျွန်တော် စုံတွဲပေါင်းများစွာတို့ကို လက်ထပ်ပေးဖူးပါသည်။ခရစ်တော်နှင့် သူ၏သတို့သမီးကို သတိရစေပါသည်။ လွန်ခဲ့ပြီးသောကာလက ကျွန်တော် လက်ထပ် ပေးခဲ့သောလက်ထပ်ပွဲများမှာ ကျွန်တော့်ဘဝ အသက်တာအတွက် အလွန် ထူးခြားပါ သည်။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်ကကျွန်တော်သည် လူငယ်သင်းအုပ်ဆရာ တစ်ဦးဖြစ်ပါသည်။ ကျွန်တော့် ညီမှာ P.W.A မှာ အလုပ်လုပ်သည်။ မှတ်မိကြဦးမလား မသိပါဘူး။ အစိုးရစီမံကိန်းတစ်ခု ရှိခဲ့ပါသည်။ ကျွန်တော့်ညီက မိုင်ပေါင်း(၃၀)အ လုပ်သွား အလုပ်ပြန် အလုပ်လုပ်ခဲ့ရပါသည်။ သူတို့သည် ရေကန်များ တူးကြပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှု စီမံကိန်းဖြစ်သည်။

သူနှင့်အတူ အလုပ်လုပ်သောသူမှာ IndianaPolis မှ ဖြစ်ပြီး ဂျက်ဖာဆွန်ဘေလီးနှင့်မိုင်ရာပေါင်းများစွာ ဝေးကွာ သည်။ တနေ့သောအခါကျွန်တော့်ညီကို သူကပြောသည်။ (Doc ငါတရားဟောဆရာကို ပိုက်ဆံပေးနိုင်လျှင် မင်္ဂလာ ဆောင်ချင်တယ်။) သူက ကျွန်တော် လိုင်စင်တွေရအောင် ငွေအလုံအလောက်ရှိပါတယ်။ ဒါပေမဲ့ တရားဟောဆရာကို ပေး ဘို့ငွေအလုံအလောက် မရှိပါဘူး။ Doc က ကျွန်တော့်အစ်ကိုတရားဟောဆရာဘဲ သူခင်ဗျားကို လက်ထပ်ပေးနိုင်တယ်။ သူပိုက်ဆံယူမှာ မဟုတ်ပါ ဘူးလို့ ပြောတဲ့အခါမှာ"ကျွန်တော့်ကို လက်ထပ်ပေးမလား" လို့ သူကမေးပါတယ်။

36 ၃၆။ အဲဒီညမှာဘဲ ကျွန်တော့်ညီက ကျွန်တော့်ကို မေးပါတယ်။ကျွန်တော်ကလည်း သူတစ်ခါမှ လက်မထပ်ဖူးဘူးဆိုရင် သူတို့နှစ်ယောက်စလုံး တစ်ယောက်မှ လက်မထပ်ရသေးဘူးဆိုရင် အားလုံးအဆင်ပြေပါတယ်။ ဒီလိုဘဲ လူပျို၊ အပျိုဖြစ်ရင် သန့်ရှင်းပါတယ်။

သူက ကောင်းပြီ ကျွန်တော် သူကိုမေးမယ်။ကျွန်တော်က ပြောပါသည်။ အဲဒီလိုဆိုရင် အောက်ပိုင်းကို ဆင်းလာဘို့ပြောပါ။ စနေနေ့ ရောက်လာသောအခါထိုလူငယ်လေး ဆင်းလာပါသည်။ … ဒီအကြောင်း ပြန်တွေးလိုက်တိုင်း ကျွန်တော် ဝမ်းသာမိပါသည်။မိုးရွာသော တစ်ညနေခင်းမှာchevrolet ကားအိုတစ်စီး ကျွန်တော်တို့အိမ်ရှေ့ကို ရောက်လာပါသည်။ကားအရှေ့မီးနှစ်ပွင့်ကို ဝါယာကြိုးနှင့်ဆက်ထားပါသည်။ အဲဒီအချိန်က ကျွန်တော့်ဇနီးသည်သေဆုံးကာစဖြစ်ပြီး ကျွန်တော့်အိမ်မှာ အခန်းကလေးနှစ်ခန်းရှိပါသည်။ Doc က ကျွန်တော်နှင့်အတူရှိပြီးသူတို့ကို စောင့်နေပါတယ်။ လူငယ် လေးက ကားထဲမှ ထွက်လိုက်တဲ့အခါ သူက သတို့သားနဲ့မတူပါဘူး။ ဘယ်သူကမှလည်း သူ့ကို သတို့သားလို့ထင်မှာ မ ဟုတ်ပါဘူး။ တစ်ဒေါ်လာခွဲခန့်ပေးရင် ဖိနပ်တစ်ရံကောင်းကောင်းကျွန်တော် ဝယ်နိုင်ပါတယ်။ သူ့ဘောင်းဘီက လည်း စုတ်ပြတ်နေပါတယ်။ သားမွေးအင်္ကျီအဟောင်းကိုဝတ်ဆင်ထားပါတယ်။ ရှေးလူကြီးတွေတောင် အဲဒီအင်္ကျီမျိုးကို မှတ် မိနိုင်မှာ မဟုတ်ဘူး။အဝတ်လျှော်စက်ထဲထည့် ပြီး အရေညစ်ထားသကဲ့သို့ဖြစ်ပါတယ်။ စင်းကြောင်းများ ရှိနေပါတယ်။

37 ၃၇။ ပျို့ရွယ်သော မိန်းမငယ်သည် အပြင်သို့ထွက်၍ သူဘေးမှာငယ်ရွယ်သူ လူကလေး ရှိပါသည်။ အိုး … အချို့သောသူများကို သူ့ ရဲ့ အဝတ်အစားများကိုစစ်ဆေးဘို့ရန် လိုအပ်ပါသည်။ ကျွန်တော် မသိပါဘူး။ ကျွန့်ပ်မှားပြီး ခေါ်ခဲ့ပါသည်။ ထိုကုန်အမျိုးအစားအတွက် တစ်ကြိမ်ဖြစ်ပါသည်။ " Ging- Hom " ကျွန့်ပ် သူခေါ်တာကို ယုံကြည်ပါသည်။ ထို့ကြောင့်သူဟာ (သူထပ်မှားပြန်ပြီ။ ကျွန့်ပ် အမြဲတမ်း ပြုလုပ်ပါသည်။ ထို့ကြောင့် ကျွန်တော် ပြောလိုက်ပါသည်။သူမသည် ကားအပြင်သို့ထွက်သွားပါသည်။ သူက လှေခါးဆီသို့ လျှောက်လာပါသည်။ သူလျှောက်သည့်အချိန်တွင်သေးငယ်သော အကြောင်းအရာတစ်ခု ကျွန့်ပ်သည် သူမကို သူစကပ်အကြောင်းကို ပြောပါသည်။ ရှူးဖိနပ်တော့မပါပါ။ ခက်ခဲပါသည်။ သူမသည် အင်ဒီယားနားက ရဲများနှင့် ချိတ်မိသွားကြသည်။ ဆံပင်များလည်းနောက်ပြန်ပြီးတော့ ချထားပါသည်။ နောက်ပြန် ဆံပင်ချတာ ကြည့်ခြင်းအားဖြင့် ငယ်ရွယ်သောမိန်းကလေးဖြစ်ကြောင်းသိရပါသည်။ ကျွန့်ပ်သည် သူမကို စကားပြောပါသည်။ သင်သည် အိမ်ထောင်ပြုဘို့ရန်အတွက်

အသက်ပြည့်ပြီလား?

ဟုတ်ကဲ့၊သူမက ဆက်ပြောပါသည်။ မိဘထံ၌ ကျမ အခွင့် ခဏခဏ တောင်းပါသည်။ သူမ ဆက်ပြောပါသည်။

တရားရုံးမှစာလည်း ဖတ်ပြပါသည်။

သူမရဲ့ခွင့်ပြုချက် စာအုပ်ကို ပြန်ယူသွားပါသည်။ ကျွန်ုပ်ဟာ ဆက်ပြောပါသည်။

ကောင်းပြီ။ကျွန်ုပ် သူမနှင့်အတူ စကားပြောပါသည်။

သင်နှင့်ကျွန်ုပ်အနည်းငယ် လက်ထပ်ထိမ်းမြားခြင်း မတိုင်မီ စကားပြောကြရအောင်။ သူတို့ထိုင်ပါသည်။

ကောင်လေးသည်တစ်ခန်းလုံးကို လှည့်ကြည့်ပါသည်။ သူသည် ဆံပင်ညှပ်ခြင်း လိုအပ်ပါသည်။

သို့သော်အင်မတန် ဆိုးဝါးသော အကြောင်းအရာ ဖြစ်ပါသည်။

အခန်းတွေကိုပြန်ပြီးတော့ ဆက်လက် ကြည့်နေပါသည်။ သူသည် ကျွန်ုပ်တို့၏ စကားကို နားမထောင်ပါ။

နောက်ကျွန်တော် ဆက်ပြောပါသည်။ သားရေ၊ ငါသည် သင့်ရဲ့ခွင့်ပြုချက်ကို လိုအပ်ပါသည် စသည်အားဖြင့်ကျွန်တော် ပြောပါသည်။ ဟုတ်ကဲ့ဆရာ၊ နောက် ကျွန်တော် ဆက်ပြောပါသည်။

ဒီမိန်းကလေးကိုချစ်ပါသလား?

ကျွန်တော်ကမေးပါသည်။

ဟုတ်ကဲ့ကျွန်တော် ချစ်ပါသည်။

ဤကောင်လေးကိုသင်ချစ်ပါသလား? ဟုတ်ကဲ့ ချစ်ပါသည်။ ကျွန်တော် ဆက်ပေးပါသည်။

သူတို့မင်္ဂလာဆောင်ပြီးတဲ့အခါ နေရာ ရှိသလား? ဟုတ်ကဲ့ ရှိပါသည်။

ကျွန်တော်ဆက်မေးပါသည်။ ကောင်းပြီ။ ယခု ဆက်ပြောပါသည်။ ငါသည် သင့်ကို မေးခွန်းတစ်ခု မေးချင်ပါသည်။

ငါနားလည်တာကတော့သင်တို့သည် PWE မှာ အလုပ်လုပ်နေကြတယ် မဟုတ်လား?

သူဖြေပါသည်။ဟုတ်ကဲ့ ဆရာ၊

တပတ်ကို(၁၂)ဒေါ်လာရပါသည်။ ထိုငွေနှင့် သူမကို ယူနိုင်ပါသလား?

ဟုတ်ကဲ့ဆရာ၊အရာခပ်သိမ်း ကျွန်တော် လုပ်ပါမည်။

ဆက်ပြောပါသည်။ကောင်းပြီ။ အားလုံးက ကောင်းပါပြီ။ ကျွန်တော် ဆက်ပြောပါသည်။ အခု အလုပ်မှ ထွက်ခဲ့သော်အလုပ် လက်မဲ့ဖြစ်ခဲ့သော် ဘယ်လို အသက်ရှင်မလဲ?

သမီးသင်တို့ဘာလုပ်ကြမလဲ? အိမ်ကို ပြေးပြန်ပြီ။ဖေဖေ၊ မေမေဆီ တောင်းမလား?

သူမပြန်ဖြေပါသည်။မပြန်ပါဘူးဆရာ၊ သူနှင့်အတူ ကျွန်မနေပါမည်။

ကျွန်တော်ဆက်မေးပါသည်။ ဘာမေးမလဲဆရာ၊

သင်၌ကလေး(၂)ယောက်၊ (၃)ယောက် ရှိခဲ့သော် သူလည်း အလုပ်မရှိဘူးဆိုရင် ဘယ်လိုလုပ်မလဲ?

သူမကိုအိမ်ပြန်ခိုင်းမလား?

သူပြောပါသည်။မဟုတ်ပါဘူးဆရာ၊ ထိုအရာများကို ကြံ့ကြံ့ခံပါမည်။ အခြားသော နည်းလမ်းများ ရှာပါမည်။

ကျွန်တော်ခံစားရပါသည်။ ကျွန်တော် အပြင်မှာ တစ်ယောက်နှင့်တစ်ယောက် ချစ်ကြောင်း တွေ့ရပါသည်။ သူတို့ကို လက်ထပ်ပေးလိုက်ပါသည်။

38 ၃၈။သူမကို သူဘယ်ခေါ်သွားသလဲဆိုတာ ကျွန်တော် သိချင်ပါသည်။ ရက်အ နည်းငယ်ကြာသောအခါ ကျွန်တော့်ညီဒေါ့စ် ကို ကျွန်တော် မေးပါသည်။ "သူတို့ ဘယ်မှာလဲ" အဖြေမှာ "နယူးအယ်ဘန်နီကို ပြောင်းသွားကြပါတယ်။(ကျွန်တော်တို့မြို့ရဲ့အောက်ဖက်မှာရှိတဲ့ မြို့ကလေးဖြစ်ပါတယ်။)" ကျွန်တော် နေ့တိုင်းသွားနေကျမြစ်ရိုးတစ်လျှောက်မှာ ကျွန်တော် အလုပ်သမားဘဝက အခြားလူတွေလည်း အဲဒီမြစ်ကမ်းနဘေးမှာထိုင်ပြီး အလာပသလာပနဲ့ပြောခဲ့ကြတဲ့နေရာကို သွားပြီး ကျွန်တော် ဆုတောင်းပါတယ်။ ဒါမှမဟုတ်ကျမ်းစာဖတ်ပါတယ်။ အဲဒီနေရာမှာ ပန်းပဲလုပ်တဲ့ သွပ်မိုးအောက်မှာ ကျွန်တော် ကျမ်းစာဖတ်ဆုတောင်းလေ့ ရှိပါတယ်။ အဲဒီနေရာမှာ ရထားကုန်တွဲတွေ ရှိပါတယ်။ သူတို့ ဇနီးမောင်နှံ အဲဒီကုန်တွဲဟောင်း တွေမှာ တံခါးကို လှန်ဖောက်ပြီး သတင်းစာဟောင်းတွေကို နံရံမှာ ဖိ၍ကပ်ပါသည်။ထိုသို့

ဖိကပ်ခြင်းကို ကပ်ထူပြား ပြုလုပ်ရ ပါသည်။ သံမှိုအသေးစားလေးဖြင့် ဖိကပ်ရပါသည်။

39 ၃၉။ သတင်းစာဟောင်းများကို နေရာအနှံ့ကပ်ထားကြသည်။နောက်ပြီး သူ ကပန်းပဲဖိုသို့သွားသည်။ ဆင့်ကလေးများ ပြုလုပ်သည်။ ပြန်လာပြီး သေတ္တာအဟောင်းများဖြင့်စားပွဲပြုလုပ်သည်။ တစ်နေ့သောအခါမှာ ကျွန်တော် သူတို့ကိုသွား ကြည့်မည်ဟု စဉ်းစားမိပါသည်။ ခြောက်လမတိုင်မီ အီးဗီနိုက်၏သမီးကို အီးတီနိုက်၏ သားနှင့် ကျွန်တော် လက်ထပ် ပေးခဲ့သည်။အီးဗီနိုက်မှာ အိုဟိုင်းအိုးမြစ်ရိုးတစ်လျှောက်မှာ အချမ်းသာဆုံး စာရင်းဝင်သူ ဖြစ်သည်။ကြီးမားသော စက်ရုံကြီးများ ပိုင်ဆိုင်သည်။ မစ္စတာ အီးတီစလိုက်မှာ သဲနှင့်ကျောက်စရစ် ကုမ္ပဏီပိုင်ရှင် ဖြစ်သည်။ သန်းကြွယ်သူဌေးများ ၏ သားသမီးများ ဖြစ်ကြသည်။ သူတို့ကို ကျွန်တော် လက်ထပ်ပေးခဲ့သည်။

ကျွန်တော် ပြန်သွားပြီ၊ နှစ်ပတ်ခန့်အကြာလေ့ကျင့်လိုက်သည်။ ခေါင်းအုံးပေါ်တွင် ဒူးထောက်သည်။ ထိုစုံတွဲကို လက်ထပ်ပေးရန်အတွက်အလေးအနက်ထား၍ စဉ်းစားခဲ့ရသည်။ အခြားစုံတွဲကလေးမှာ အိမ်ခန်းအိုကလေးထဲတွင် နေရပြီး ပုခက်ကလေးဆင်ထားသည်။ ခေါက်ကုတင်ကလေးလည်းရှိသည်။ ထိုစုံတွဲ နှစ်တွဲစလုံးကို လက်ထပ်ပွဲ ပုံစံတစ်မျိုး တည်း ဖြင့်သာ လက်ထပ်ပေးခဲ့ခြင်းဖြစ်သည်။

40 ၄၀။တစ်နေ့သောအခါမှာ ချမ်းသာသော ဤစုံတွဲထံသို့ကျွန်တော် အလည်အပတ်သွားရန် စဉ်းစားမိပါသည်။သူတို့အလုပ် လုပ်စရာ မလိုပါ။ သူတို့၏ဖခင်များမှာ သန်းကြွယ်သူဌေးများ ဖြစ်ကြပါသည်။သူတို့အတွက် အိမ်ကောင်း ကောင်းတစ်လုံး ဆောက်ပေးထားပါသည်။ ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုလျှင်အီးဗီနိုက်သည် တောင်ကုန်းပေါ်မှာ နေသည်။ သူ၏အိမ်တံခါး လက်ကိုင်မှာ ၁၄ ပဲရည် ရွှေဖုလုံးများဖြင့်ပြုလုပ်ထားခြင်းဖြစ်သည်။ နန်းတော်ကြီးတမျှ ကြီးမားသည်။ သူတို့နေထိုင်သော အိမ်မှာမည်မျှခန်းနားကြောင်းစဉ်းစားကြည့်နိုင်ပါသည်။ သူတို့ အလုပ်လုပ်စရာ မလိုပါ။ နှစ်စဉ်နှစ်တိုင်း ဇိမ်ခံကားတစ်စီးပေး အပ်ခြင်းခံရသည်။ တစ်ခြားသား သမီးများ လည်း မရှိကြပါ။ လိုလေးသေးမရှိအောင် ပြည့်စုံပါသည်။

41 ၄၁။ တစ်နေ့ကျွန်တော် လျှောက်သွားသည်။ .... သူတို့နဲ့ဘယ်လို ရင်းနှီးလာသ လဲဆိုတော့ သူတို့ရဲ့မိတ်ဆွေ တစ်ဦးက ကျွန်တော်နဲ့ ရင်းနှီးလို့ဘဲဖြစ်ပါတယ်။ ထို သို့ ရင်းနှီးမှုရလာပြီး သူတို့ကို ထိမ်းမြားပေးစေလိုခြင်း ဖြစ်ပါတယ်။ထို့ကြောင့် ကျွန်တော်က သွားလည်ပါသည်။ ကျွန်တော် အပြင်မှာ ကျွန်တော့်ရဲ့ဖိုက်ကား အဟောင်းကြီးကိုရပ်ထားပြီး အပေါ်တက် သွားပါသည်။ အနားရောက်တဲ့အခါမှာ သူတို့အသံကို ကြားရပါသည်။ သူ တို့ ရန်ဖြစ်နေကြပါသည်။ တစ်ယောက်ကို တစ် ယောက်မနာလို ဖြစ်နေကြ သူ တို့ ကပွဲသွားကြသည်။ သူမသည် အလွန်လှပသော မိန်းကလေးဖြစ်သည်။ အလှဘုရင်မတစ်ပါးဖြစ်သည်။ အလှဘုရင်မ ဖြစ်သဖြင့် ဆုများစွာရရှိသူဖြစ်သည်။ ကားများလည်း ရသည်။ သူတို့ကို ကြည့်လိုက်ပါက တစ်ယောက်က ထောင့်တစ်ထောင့် မှာ ထိုင်နေသည်။ နောက်တစ်ယောက်က အခြားထောင့်တစ်ထောင့်မှာ ထိုင်နေပြီးသူမနှင့် တွဲကသော အခြားယောက်ျားလေးတစ်ဦးအကြောင်း ပြောပြီး အပြစ်ရန်တွေ့နေကြသည်။ ကျွန်တော် အပေါ်တက် လာသောအခါ သူ တို့ ခုန်ထလာကြပါသည်။လျှင်မြန်စွာပင် တစ်ဦးကို ဖက်ထားကြသည်။ လက်ချင်းယှက်၍ တံခါးဝဆီသို့လျှောက်လာကြသည်။“ဘရာသာ ဘရမ်ဟမ် မင်္ဂလာပါ။ နေကောင်းရဲ့လား” လို့လှမ်းပြီး နုတ်ဆက်ကြပါတယ်။

ကျွန်တော်က “ခင်ဗျားတို့လည်း နေကောင်းကြရဲ့လား။”လို့ ပြန်မေးလိုက်ပါတယ်။ သူက “ကျွန်တော်တို့နေကောင်း ကြပါတယ်။ သိပ်ပျော်ကြပါတယ်။”ဟု ပြန် ဖြေသည်။ သူမကလည်း “ဟုတ်ပါတယ်ရှင်” ဟုပြန်ပြောပါသည်။

42 ၄၂။ တစ်ကယ်မဟုတ်ဘဲ ဟန်ဆောင်နေကြခြင်း ဖြစ်ပါတယ်။မီးဖိုပုံဆွဲပြီး မီးလှုံ့လို့မနွေးပါ။ အချို့သော အသင်းတော် များကဲ့သို့ နှစ်ထောင်ပေါင်းများစွာတစ်ထောင်(သို့)နှစ်ထောင်လွန်လေပြီးသောကာလကဲ့သို့ပင်တေကုတ္တေပုံစံ ရေး ဆွဲကြခြင်း ဖြစ်ပါသည်။မီးဖိုပုံဆွဲပြီး မီးလှုံ့လို့မနွေးပါ။ ပင်တေကုတ္တေမှာ ယနေ့လည်း အမှန်တစ်ကယ်ပင် စစ်မှန်သောပင်တေကုတ္တေ ဖြစ်ပါသည်။ သူတို့လည်း ထိုသို့ပင် ဖြစ်ပါသည်။ ထို သို့ ကျွန်တော် အသက်ရှင်နေထိုင်လိုခြင်းမရှိပါ။

43 ၄၃။ “မြစ်၏ အခြားတစ်ဖက်ကမ်း ကျောက်ဆောင်လေးပေါ်မှာအခြားစုံတွဲတစ်တွဲ နေထိုင်သည်” ဟု ကျွန်တော် စဉ်း စားမိပါသည်။ တစ်နေ့သောအခါမှာ စနေနေ့နေ့လည်ပိုင်း ထိုနေရာသို့သွားပြီး သူတို့မည်သို့နေထိုင်ကြောင်း ကျွန်တော် သွားကြည့်ပါသည်။ ကျွန်တော်၏မျက်နှာမှာ ညစ်ပတ်ပေကျံစွာရှိပြီး အဝတ်အစားများမှာလည်း ညစ်ပတ်နေသည်။ ကရိယာတန်ဆာပလာများ ယူသွားသည်။ သူတို့ဆီ သွားလည်ပါတယ်။ ကျွန်တော်က ဓါတ်တိုင်ပေါ်တွင် ဓါတ်ကြိုးများဖြတ် တောက်ခြင်း ရှိ၊ မရှိ လေ့လာသယောင်နှင့် တယ်လီဖုန်းတိုင်များ တစ်လျှောက်လှမ်းသွားသည်။မြစ်ရိုးတစ်လျှောက် လျှပ်စစ် တိုင်တပ်ဆင်ပြီး တစ်တိုင်ကို ကျော်သွားသည်။ ချက်ဖရိုလက်ကားအိုတစ်စီး ရှေ့ဘက်မှာ ရပ်နေသည်။ သူတို့ကို လက် ထပ်ပေးပြီးနောက် တစ်နှစ်ခန့်အကြာတွင်ဖြစ်သည်။ သူ တို့ စကားပြောသံကြားရပါသည်။ သူတော်ကောင်း ယောင် ဆောင် သကဲ့သို့ပင် ဖြစ်သည်။ကျွန်တော်သေချာကြားရရန် အနီးသို့ကပ်လိုက်သည်။ သူ တို့ ဘာပြောသလဲဆိုတာ ကြားချင်ပါသည်။ကျွန်တော့်အတွက် ကျွန်တော် သိချင်လာသည်။ ကျွန်တော် ဘာပြောနေသလဲဆိုတာ ကျွန်တော်သေချာစွာသိလိုပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပတ်သက်၍ ကျွန်တော် ပြုလုပ်သော နည်းလမ်းဖြစ်ပါသည်။ အမှန်တစ်ကယ် ဖြစ်ပါ သလား။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော် တည်မည်လော၊ သို့မဟုတ်ပါက မတည်မည်လော။နှုတ်ကပတ်တော် မတည်မြဲပါက သူသည် ဘုရားမဟုတ်ပါ။ နှုတ်ကပတ်တော်အတိုင်း ဖြစ်ပါက သူသည်ဘုရားဖြစ်ပါသည်။

44 ၄၄။ သူ တို့ ဘယ်လိုနေကြသလဲဆိုတာကို ကျွန်တော် ကြည့်လိုပါသည်။ဘေးတံခါး ပေါက်မှ လွယ်လွယ်ဘဲ ဝင်သွားပါသည်။ သူပြောသည့်စကားကို ကြားရပါသည်။ “အချစ်ရေ- ကိုယ်မင်းကို အဲဒါအရမ်းဘဲ ဝယ်ပေးချင်တယ်။” ဟု သူကပြောသည်။ သူမက “ချစ်သဲရေ - ဒီအဝတ်အစားက ကောင်းပါတယ်။ ဒါလေးဘဲကောင်းပါတယ်။ ကျွန်မ ကြိုက်နှစ်သက်ပါတယ်။ ဒါပေမဲ့”......ကျွန်တော် ဘေးဖက်ကပတ်ပြီးနံရံကြားက ချောင်းကြည့်လိုက်ပါသည်။ တံခါးမှာလည်း အနည်းငယ် ပွင့်နေပါသည်။ သူက ဦးထုပ်ကောင်းတစ်လုံးကိုအပေါက်ဖေါက်ပြီး စုဗူးလုပ်ထားသည်ကို မျောက်ချ လိုက် သည်။ သူ၏ လစာဖြစ်သည်။

စားပွဲပေါ်တင်ထားလိုက်သည်။သူက “ကုန်စိမ်းဝယ်ဘို့သိပ်များတယ်။ အာမခံအတွက် သိပ်များတယ်၊ ကားအတွက် သုံးရတဲ့ငွေလည်းသိပ်များတယ်” လို့ပြောသည်။ အားလုံးအတွက် ငွေအကုန် မခံနိုင်ပါ။ အပြင် ထွက်သောအခါ ဝတ်စုံကလေးတစ်စုံသူတွေ့ခဲ့သည်။ လွန်ခဲ့သော နှစ်ပတ်ခန့်က တွေ့ခဲ့ခြင်း ဖြစ်ပြီး တစ်ဒေါ်လာခန့် တန်ဘိုးရှိသည်။သူလိုချင်သည်။ သူက “အချစ်ရေ - မင်းနဲ့ဆို သိပ်လိုက်မှာဘဲ” လို့ပြောသည်။ သူမက “ချိုသဲရေကျွန်မမှာ အဝတ်အစား ဝတ်စုံရှိပါရန် တစ်ကယ်ဘဲ မလိုအပ်ပါဘူး” ဟုပြောပါသည်။

45 ၄၅။ ဟိုး အလှဘုရင်မလေး .... ကိုတော့ အပြန်လမ်းမှာကျွန်တော် မော့ ကြည့်မိပါသည်။ ထိုအိမ်ခေါင်မိုးပေါ်မှာ အချွန်ကြီးရှိသည်။ မိနစ်အနည်းငယ်ကြာရပ် ၍ ကြည့်မိပါသည်။ကျွန်တော် စဉ်းစားမိသည်မှာ “ဘယ်သူဟာ ချမ်းသာတဲ့သူ ဖြစ်သလဲ” ဘီလီဘရမ်ဟမ် ဖြစ်ပါက ဘယ်နေရာကိုယူချင်ပါသလဲ။ ကျွန်တော့်အတွက်ကတော့ ကျွန်တော်က တောင်ကုန်း ပေါ်မှာ အလှအပကို မရွေးချယ်ပါဘူး။ အောက်ခြေကျတဲ့ အကျင့်စရိုက်ဖြစ်တဲ့ တစ်ကယ့်စစ်မှန်တဲ့ အိမ်ထောင်ရှင်မကိုဘဲ ရွေးချယ်ပါမယ်။ကျွန်တော့်ကိုချစ်ပြီး ကျွန်တော်နဲ့ နေထိုင်မဲ့သူ ဖြစ်ရပါမယ်။ သင့်ကို မထိခိုက်စေသည့်အိမ်ထောင်စုမျိုးကို ဖန်တီးပေးသူ ဖြစ်ရပါမည်။ အကောင်းစားများအတွက် အကုန်မခံဘဲ မိမိနှင့်တစ်စိတ်သဘောတည်းတူသူ ဖြစ်ရပါမယ်။

46 ၄၆။ အမြဲတမ်း ဘယ်လိုလဲဆိုတာ ဆင်ခြင်မိပါတယ်။ တစ်ဦးကအလှအပကို ရွေးချယ်ခဲ့တယ်။ တစ်ဦးက အကျင့်စာ ရိတ္တကို ရွေးချယ်ခဲ့ပါတယ်။ သင်ရွေးချယ်နိုင်သည့်တစ်ခုတည်းသော နည်းလမ်းဖြစ်ပါတယ်။ ပထမဆုံး အကျင့်စာရိတ္တကို သတိပြုပါ။ နောက်မှ ချစ်ပါ။

ဘုရားသခင်၏ ပထမဆုံးအာဒံမှာ ဇနီးရွေးချယ်ခွင့်မရှိပါ။ ရွေးချယ်ခွင့်လည်း မရခဲ့ပါ။ ဘုရားသခင် ဖန်ဆင်းထား သည်မှာ တစ်ဦးတည်းဖြစ်၍ သူမကသူ့ကို နှုတ်ကပတ်တော်မှ လမ်းလွဲသွားခဲ့စေပါသည်။ ထိုကိစ္စအတွက် သူက ဆုတောင်း ခွင့်မရခဲ့ပါ။သူသည် ခင်ဗျားတို့ကျွန်တော်တို့ကဲ့သို့မဟုတ်ပါ။ ရွေးချယ်ခွင့် မရပါ။ ထိုသို့ပြုလုပ်ခြင်းအားဖြင့်သူမ က သူ့ကို ဘုရားသားအဖြစ်မှ နေရာအမှန် ကျဆင်းသွားစေပါသည်။ ပို၍ခေတ်မှီသောနည်းကိုပြခဲ့ခြင်း ဖြစ်သည်။ သူတို့မလုပ်သင့် သောအရာဖြစ်သည်။ သူမ၏ အကျင့်စရိုက်က သူမမှားယွင်းကြောင်း ပြသနေပါသည်။ သူမ၏သဘောထားနှင့်ရည်ရွယ် ချက်များက မှားယွင်းနေပါသည်။ သူမ၏အကြောင်း အကျိုးဆင်ခြင်မှုဖြင့် ခေတ်မှီအသင်းသစ်ကိုသူမတွေ့ရှိခဲ့သည်။ ထိုအရာမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်ဆန့်ကျင်နေပြီး ပိုမို ခေတ်မှီသည်ဟု ထင်ရသော နေထိုင်မှုပင် ဖြစ်သည်။

47 ၄၇။ ယနေ့အမျိုးသား အမျိုးသမီးများ မိန်းမကောင်းတစ်ဦးကိုဘုရားသခင်ထံမှ ဆွဲဖယ်ခြင်း၊ ယောကျ်ားကောင်းတစ်ဦး ဘုရားထံမှ ဆွဲဖယ်ခြင်း ဖြစ်ပါသည်။ဘာသာရေးဖြင့် ဘုရားထံမှ ဆွဲဖယ်ခြင်း ဖြစ်ပါသည်။ မင်းတို့ပင်တေကုတ္တေ ယော ကျ်ားလေးတွေ“အဲဒီ ဘာသာရေးမျိုးကတော့ ရှေးဆန်တယ်။ အဲဒါကို လက်မခံနဲ့” စသည်ဖြင့် ပြောဆိုကြသည်။ ထိုမိန်းက လေးကို လက်မထပ်မီသင်အထူးဆုတောင်းရပါမည်။ သူမ ဘယ်လောက်ဘဲလှလှ ကျွန်တော် ဂရုမစိုက်ပါ။ ဘုရား သခင်၏ အလိုတော်ပြင်ပသို့ ရောက်သွားစေရန် သူမကသွေးဆောင်ခဲ့ပါသည်။ မလုပ်သင့် မလုပ်ထိုက်သည်ကို လုပ်ရပါတော့သည်။ ထိုသို့သောအားဖြင့်လူသားတစ်ရပ်လုံး သေရပါတော့သည်။ ထို့ကြောင့် သမ္မာကျမ်းစာထဲတွင် သူမကိုသွန် သင်ရန် တရားဟောရန်(သို့) ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဘယ်လိုနည်းနှင့်မျှ ကိုင်တွယ်ခွင့် မပြုတော့ပါ။ညီအစ်မများ “ကိုယ် တော်ရှင် ကျမတို့ကို တရားဟောရန် ရွေးချယ်ပါတယ်။” ဟု သင်တို့ ပြောကြသည်ကိုကျွန်တော် သိပါသည်။ ခင်ဗျားတို့ကို ကျွန်တော် အငြင်းအခုန် မလုပ်တော့ပါဘူး။ သမ္မာကျမ်းစာကမပြုလုပ်ရန် တားမြစ်ထားပါသည်။ သူမသည် သွန်သင်ခြင်း မပြုလုပ်ရ၊ သို့မဟုတ်ပါက အာဏာဖီဆန်ခြင်းလည်းမပြုလုပ်ရ၊ တိတ်ဆိတ်စွာ နေရမည်။“ သင်က ”ကိုယ်တော်ရှင် ကျွန်မကို ခိုင်းပါတယ်။“ကျွန်တော် သံသယ မဖြစ်ပါ။ ဟိုတစ်ညက ကျွန်တော်၏ တရား ဟောချက်ဖြစ်တဲ့ ဗာလမ်အကြောင်း သင်ကြားမိပါသလား။ဗာလမ်က ဘုရားသခင်ထံမှ ”မလုပ်နဲ့“ ဟုဆိုသော ဆုံးဖြတ် ချက်ကို ရခဲ့ပါသည်။ သို့သော်လည်းသူကဆက်လက်၍ ပြဿနာရှာနေသဖြင့် နောက်ဆုံးဘုရားသခင်က လုပ်ခွင့် ပြုလိုက် သည်။ ဘုရားသခင်ကသင့်ကို တရားဟောခွင့် ပြုကောင်း ပြုပေမည်။ မပြုဟု ကျွန်တော် မပြောပါ။ သူ၏မူရင်း နှုတ်ကပတ်တော် အကြံအစည်နှင့် မကိုက်ညီပါ။ ပညတ်တရားအတိုင်း သူမသည် နာခံမှု ရှိရပါမည်။ မှန်ပါသည်။သူမ မလုပ်သင့်ပါ။

48 ၄၈။ သဘာဝ သတို့သမီးသည် ဝိညာဉ်သတို့သမီးကို ပုံဆောင်ပါသည်။သူမကို သူ့အတွက် ဖန်ဆင်းခြင်း ဖြစ်သည်။ သူမအတွက် သူ့ကို ဖန်ဆင်းခြင်း မဟုတ်ပါ။ ခရစ်တော်၏သတို့သမီးအကြောင်း မကြာမီ ကျွန်တော် ပြောပါမည်။ နောက်ခံ အ ကြောင်းကို ကျွန်တော် ပြသပါမည်။

သူ့ယောကျ်ားအတွက် လူမိန်းမကို ဖန်ဆင်းခြင်းဖြစ်သည်။ လူမိန်းမအတွက် လူယောကျ်ား;ကို ဖန်ဆင်းခြင်း မဟုတ်ပါ။ မယားများခြင်းကို ပညတ်တရားဟောင်းမှခွင့်ပြုရခြင်း အကြောင်းပင် ဖြစ်ပါသည်။ ဒါဝိဒ်မင်းကြီး ဇနီးသည် အယောက် (၅၀၀) ထားသည်ကိုကြည့်ပါ။ သမ္မာကျမ်းစာက ... ဘုရားသခင်သည် သူ၏နှလုံးသား နှင့်အတူ ဇနီး သည်(၅၀၀)ကို ပိုင်သပါသည်။ရှောလမုန်က မိန်းမ(၁၀၀၀)ရှိပြီး သူတို့ထဲ၌ တစ်ယောက်သည် အခြားခင်ပွန်းများရှိသော အလားအလာမရှိပါ။

49 ၄၉။ ထိမ်းမြားခြင်းနှင့် ကွဲကွာခြင်းတို့သည် စူစန်တောင်ပေါ်ထိပ်ကနေတွေ့နေရ ပါတယ်။ မကြာခင်လေးက အပေါ်ကို ကျွန်တော်သွားပြီး ဆုတောင်းပေးပါသည်။ တောင်ပေါ်မှာရှိသောမီးတိုင်အဝိုင်းသည် ကျောင်းဆင်းပြီးနောက် မရှိတော့ပါ။ လူတွေက သိကြပါတယ်။ မြင်ကြပါတယ်။ထိမ်းမြားခြင်းနှင့် ကွဲကွာခြင်းမေးခွန်းကို ဘုရားထံမှ ကြားတဲ့အခါမှာ တစ်ဖက်က ဒီဘက်မှာသွားတယ်။ တစ်ဖက်က ဟိုဖက်မှာ သွားတယ်။ အမှန်တရားသည် တစ်နေရာမှာ ရှိလိမ့်မည်။ ဒီတံဆိပ်(၇)ချက်ပြီးတဲ့နောက်ပိုင်းမှာ အမှန်တရားကို ပြတယ်။

50 ၅၀။ယခု မှတ်သားဘို့ရန် ခင်ပွန်းသည်တစ်ဦးသာလျှင် ရရှိနိုင်သည်။ ဘာကြောင့်လဲဆိုတော့ အမျိုးသမီးကယောကျ်ား အတွက် ဖန်ဆင်းခြင်း၊ အမျိုးသမီးအတွက် ယောကျ်ားမဟုတ်ပါ။ ဒါဝိဒ်မင်းက သူ့ရဲ့မိန်းမ(၅၀၀)ဟာ သူ့ဇနီးများ ဖြစ်တယ်။ အနှစ်(၂၀၀၀)ထဲ၌

